ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ရက်၊ ကြာသပတေးနေ့(11-8-2011) (၆၉၄၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြှင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြှင့်မားရေး

ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

နေပြည်တော်   ဩဂုတ်   ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၄၅/၂၀၁၁) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါအမိန့် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၄၅/၂၀၁၁)
၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့အရ အမှတ်(၁) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စွာခိုင်အား သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးအဖြစ် ယနေ့မှစ၍ ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဝန်ကြီးဌာနတာဝန် ပူးတွဲထမ်းဆောင်စေခြင်း

နေပြည်တော်   ဩဂုတ်   ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၄၆/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါအမိန့် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၄၆/၂၀၁၁)
၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

ဝန်ကြီးဌာနတာဝန် ပူးတွဲထမ်းဆောင်စေခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့အရ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား အမှတ်(၁)စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၏ တာဝန်ကိုပါ ယနေ့မှစ၍ ပူးတွဲထမ်းဆောင်စေလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

နေပြည်တော်   ဩဂုတ်   ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ်(၇၅/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်ကြော်ငြာစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၇၅/၂၀၁၁
၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ဖွဲ့စည်းခြင်း

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ စစ်ရေး၊ သဘာဝဘေးအန္တရာယ်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခါအားလျော်စွာ သတင်းများထုတ်ပြန်ခြင်း၊ သတင်းစာရှင်းလင်းပွဲများပြုလုပ်ခြင်း၊ သတင်းထုတ်ပြန်ချက် ထုတ်ပြန်ပေးခြင်းများ တာဝန်ယူဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က)အရ "ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့"ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

(က)	ဦးကျော်ဆန်း ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန	အဖွဲ့ခေါင်းဆောင်
(ခ)	ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဂ)	ဦးမောင်မြင့် ဒုတိယဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဃ)	ဦးစိုးဝင်း ဒုတိယဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(င)	ဦးမြင့်သိန်း ဒုတိယဝန်ကြီး အလုပ်သမားဝန်ကြီးဌာန	အဖွဲ့ဝင်
(စ)	ဦးထွန်းထွန်းဦး ဒုတိယရှေ့နေချုပ် ပြည်ထောင်စုရှေ့နေချုပ်ရုံး	အဖွဲ့ဝင်
(ဆ)	ရဲချုပ်ကျော်ကျော်ထွန်း ရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့	အဖွဲ့ဝင်
(ဇ)	ဗိုလ်မှူးကြီးလူအေး စစ်ဦးစီးဗိုလ်မှူးချုပ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)	အဖွဲ့ဝင်
(ဈ)	ဦးတင်မျိုးကြည် ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး	အဖွဲ့ဝင်
(ည)	ဦးရဲမင်း ဒုတိယညွှန်ကြားရေးမှူးချုပ် သမ္မတဦးစီးရုံး	အဖွဲ့ဝင်
(ဋ)	ဦးဇော်မင်းဦး ဦးဆောင်ညွှန်ကြားရေးမှူး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	အတွင်းရေးမှူး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၁၁ - ၈ - ၂၀၁၁
(ကြာသပတေးနေ့)

ခေတ်မီ ဆိပ်ကမ်းဝန်ဆောင်မှု အဆင့်မြှင့်တင်

ပြည်ပကုန်သွယ်မှုလုပ်ငန်းအများစုကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်း ထွက်ပေါက်ကို အဓိကထားလုပ်ကိုင်လျက်ရှိသည်။ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်သည့် သင်္ဘောကြီးများအရေအတွက် တိုးပွားလာသကဲ့သို့ ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများလည်း တိုးတက်များပြားလာသည်ကို တွေ့ရသည်။

ယခုအခါ ရေကြောင်းကုန်စည်ပို့ဆောင်မှုအနေဖြင့် ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းတို့ကို အလေးထားလုပ်ကိုင်လျက်ရှိသည်။ အဆိုပါ ဆိပ်ကမ်းနှစ်ခု၌ ဆိပ်ခံတံတား ၂၃ စင်းရှိပြီး သင်္ဘောကြီး ၂၃ စင်း တစ်ပြိုင်နက် ဆိုက်ကပ်နိုင်သည်။ တစ်နှစ်လျှင် အများဆုံးကုန်တန်ချိန် သန်း ၂၀ ခန့်သာ ကိုင်တွယ်နိုင်သဖြင့် ရေရှည်တွင် ကုန်တန်ချိန် တိုးမြှင့်ကိုင်တွယ်နိုင်ရေး ဆိပ်ကမ်းများ အဆင့်မြှင့်တင်တိုးချဲ့ရန် လိုအပ်လာပြီဖြစ်သည်။

ရန်ကုန်ဆိပ်ကမ်း အဆင့်မြှင့်တင်မှုလုပ်ငန်းများနှင့်အတူ ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ ရေကြောင်းလမ်းများ တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းများ ဟန်ချက်ညီညီ ညှိနှိုင်းဆောင်ရွက်ကြရပေမည်။ လက်ရှိရေကြောင်းလမ်းများမှာ တန်ချိန် တစ်သောင်းခွဲရှိ သင်္ဘောများသာ ဝင်ထွက်နိုင်သဖြင့် တန်ချိန် သုံးသောင်းကျော် သင်္ဘောကြီးများ ဝင်ထွက်နိုင်မည့် ရေစူးအနက်ရရှိရေး ဆက်စပ်လုပ်ဆောင်ကြရပေမည်။

ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်လာသည့် ကုန်စည်ပို့ဆောင်မှုများ တိုးတက်များပြားလာမှုကြောင့် ဆိပ်ကမ်းအဆင့်မြှင့်တင်တိုးချဲ့လျက်ရှိသည်။ ကုန်တင်ယာဉ်ကြီးများ သွားလာမှုအဆင်ပြေစေရေးအတွက် ကမ်းနားလမ်းသစ်ကိုပါ တစ်ပြိုင်တည်း ဖောက်လုပ်လျက်ရှိသည်။ သင်္ဘော ကုန်တင်ကုန်ချစောင့်ဆိုင်းယာဉ်များ ပြည့်ကျပ်မှုမရှိစေရန် ယာဉ်ရပ်နားနေရာတည်ဆောက်ပေးရေး၊ ဆိပ်ကမ်းအတွင်း စုပုံထားသည့် ကုန်သေတ္တာအလွတ်များ ပြောင်းရွှေ့ထားရန် မြေနေရာရှာဖွေရေးတို့ကိုလည်း ကြိုတင်စီစဉ်ထားရပေမည်။

ကုန်သွယ်မှုလုပ်ငန်းများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် မောင်းနှင်အားဖြစ်သည်။ နိုင်ငံတကာတွင် စီးပွားရေးလုပ်ငန်းများ တွင်ကျယ်ဖွံ့ဖြိုးလာရေး အပြိုင်အဆိုင် အားထုတ်နေကြပြီ။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်သွယ်စီးပွားဖွံ့ဖြိုးရေးသည် အဓိကကျသည်။ ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်သွက်လက် ချောမွေ့စေရေး ကြံစည်တွက်ဆ ကြိုးပမ်းကြရပေမည်။

နိုင်ငံ၏ သဘာဝသယံဇာတ ကြွယ်ဝမှုနှင့် စီးပွားရေးလုပ်ငန်းကြီးများ ရင်းနှီးမြှုပ်နှံရန် အလားအလာကောင်းများရှိမှုကြောင့် စီးပွားရေးပူးပေါင်းဖော်ဆောင်ရန် ကြိုးပမ်းလာနေကြပြီ။ ယင်းသို့ တိုးတက်ဖြစ်ထွန်းလာသည့် ကုန်သွယ်စီးပွားလုပ်ငန်းများနှင့်အတူ ကုန်စည်ကိုင်တွယ်လုပ်ကိုင်မှု သွက်လက်မြန်ဆန်စေရေး ဆိပ်ကမ်းများ အဆင့်မြှင့်တင်ပြီး ခေတ်မီဆိပ်ကမ်းဝန်ဆောင်မှုများ အဆင့်မြှင့်တင်ပေးနိုင်ရေး အားထုတ်ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ITOCHU ကုမ္ပဏီ၏ Executive Vice President Mr. Yuji Fukuda နှင့် Mitsubishi ကုမ္ပဏီမှ အကြီးတန်းအမှုဆောင်အရာရှိများ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ကုန်သွယ်မှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအလားအလာများကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ITOCHU ကုမ္ပဏီ၏ Executive Vice President Mr. Yuji Fukuda နှင့် Mitsubishi ကုမ္ပဏီမှ အကြီးတန်း အမှုဆောင်အရာရှိများ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက်တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီးရှိ ဒေးဒရဲမြို့နယ်အသင်း ဓမ္မာရုံ၌ ကျင်းပရာ ဒေးဒရဲနွယ်ဖွား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရန်ကင်းမြို့နယ် ကျိုက်ပိကျောင်းဆရာတော်ကြီး အမှူးပြု၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်ကြပြီး ဇူလိုင် ၃၁ ရက်တွင် ဒေးဒရဲမြို့ မင်္ဂလာကန်ကျောင်း၌ စုပေါင်းလှူဒါန်းပွဲ ထပ်မံကျင်းပကြရာ အသင်းဥက္ကဋ္ဌ ဦးအောင်သန်းမြင့်နှင့် အလှူရှင်များ၊ အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ လာရောက်စုပေါင်းလှူဒါန်းကြသည်။ **(ဝဲပုံ)**

(ကြေးမုံ)

ရန်ကုန် အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဩဂုတ် ၇ ရက်က အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း လမ်းမတော် မြမာလာခန်းမ၌ ကျင်းပရာ လမ်းမတော်မြို့နယ် ဦးစီးဌာနမှူး ဦးအောင်ကျော်သူ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(၄၁)

ဆရာဝန်နှင့် လူနာဆက်ဆံရေးမြှင့်တင်ခြင်း ပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့က ဦးစီးကျင်းပသည့် ဆရာဝန်နှင့် လူနာကြား ကောင်းမွန်တိုးတက်သော ဆက်ဆံရေးမြှင့်တင်ခြင်း ပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (အေ)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် Dr.Herbert Tannakoon က အမှာစကားပြောကြားသည်။ ယင်းနောက် အထွေထွေရောဂါကုဆရာဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးတင်အေးက ဆရာဝန်နှင့်လူနာ နှစ်ဦးနှစ်ဖက်ဆက်ဆံရေး နည်းဗျူဟာများအကြောင်း၊ ပါမောက္ခ ဦးနေဝင်းက ကောင်းမွန်အကျိုးရှိသော ဆရာဝန်နှင့် လူနာဆက်ဆံရေးအကြောင်း၊ ပါမောက္ခဒေါ်မြသီတာက အရည်အသွေးပြည့်မီသော ဆေးကုသမှုကျင့်စဉ်နှင့် ပါမောက္ခဦးမြင့်သောင်းက လူနာများအား လုံခြုံစိတ်ချရသော ဆေးဝါးကုသမှုလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရေး ခေါင်းစဉ်များဖြင့် ဟောပြောကြပြီး မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဦးမျိုးမြင့်က နိဂုံးချုပ်အမှာစကားပြောကြားသည်။ (ကြေးမုံ)

ဈေးကွက်ဒီပလိုမာ သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၀

စီးပွားရေးနှင့် ဈေးကွက်စီမံခန့်ခွဲမှု ဈေးကွက်ဒီပလိုမာသင်တန်းကို Thames Management Centre (Yangon)တွင် ဖွင့်လှစ်မည်ဖြစ်သည်။ ဈေးကွက်ပညာရပ်ကို စိတ်ပါဝင်စားသူများနှင့် အသက်မွေးဝမ်းကျောင်း ပြုမည့်သူများအတွက် လုပ်ငန်းခွင်တွင် အသိပညာနှင့် ကျွမ်းကျင်မှုများရရှိစေရန် အခြေခံကျသော ဈေးကွက်အယူအဆများ၊ သုတေသနများ၊ နည်းဗျူဟာများ၊ စားသုံးသူတို့၏ အပြုအမူများကို နားလည်စေရန်နှင့် လူမှုဆက်ဆံရေးဆိုင်ရာ နည်းပညာရပ်များကို တတ်ကျွမ်းရန်၊ စီးပွားရေးလုပ်ငန်းခွင် ကွန်ပျူတာဘာသာရပ်နှင့် ကွန်ပျူတာနည်းပညာရပ်များကို တတ်ကျွမ်းစေရန် ဦးတည်ပြီး သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် ဘာသာရပ်လေးခုပါရှိမည်ဖြစ်ပြီး သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်သည်။

သင်တန်းပြီးဆုံးပါက သွင်းကုန်ထုတ်ကုန် လုပ်ငန်းကြီးများ၊ ဟိုတယ်နှင့် စားသောက်ကုန်လုပ်ငန်းများ၊ Shopping Centre များ၊ စတိုးဆိုင်ကြီးများ၊ ဘဏ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများ အစရှိသော စီးပွားရေးလုပ်ငန်းနယ်ပယ် အသီးသီးတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ရရှိနိုင်မည်ဖြစ်သည်။ သင်တန်းကို ဩဂုတ် ၂၇ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၂၅၉၇၁၊ ၅၀၁၄၅၀နှင့် ၇၀၆၇၄၀ မြေနီကုန်းပလာဇာ ဒုတိယထပ် ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၀-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၈၉၅၃	၀. ၀၃၃၄၅
တရုတ် (ယွမ်)	၆. ၄၁၈၇၅	၀. ၁၅၅၇၉
အိန္ဒိယ (ရူပီး)	၄၅. ၂၅၀၀	၀. ၀၂၂၁၀
မလေးရှား (ရင်းဂစ်)	၃. ၀၀၆၅၀	၀. ၃၃၂၆၁
စင်ကာပူ (ဒေါ်လာ)	၁. ၂၁၅၄၈	၀. ၈၂၂၇၂
ဂျပန် (ယန်း)	၇၆. ၄၂၇၄	၀. ၀၁၃၀၈
တောင်ကိုရီးယား(ဝမ်)	၁၀၈၀. ၆၄	၀. ၀၀၀၉၃
ယူရို	၀. ၇၀၀၃၈	၁. ၄၂၇၈၀
ဗြိတိသျှ (ပေါင်)	၀. ၆၁၆၁၈	၁. ၆၂၂၉၁

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၁-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၃ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ ဓမ္မပူဇာတေး
၇:၃၅ ၄။ မျိုးချစ်တပ်မတော်
၇:၄၀ ၅။ မြန်မာ့ရှုခင်း
၇:၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၂ ၁။ နိုင်ငံတော်သီချင်း
၄:၀၃ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၃၅ ၅။ ဗွီစီဒီကျော်ကြားတေး
၄:၄၅ ၆။ မွေးမြူသုတ
၄:၅၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၀၀ ၈။ သန့်စွာကိုင်လေစက္ကူငွေ
၅:၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၉၀)**
၆:၀၀ ၁၁။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅ ၁၄။ ကာတွန်းအစီအစဉ် -ကြယ်တာရာ မင်းသားလေး (အပိုင်း-၄၇)
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘဝရဲ့တမ်းတခြင်း (အပိုင်း-၁၃)**
၈:၀၀ ၁၆။ မြဝတီ ရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ အနုပညာရှင်၏တစ်နေ့တာ
၂၂။ ကုန်သွယ်သုတ
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၈)**
၂၅။ ဂီတရင်ခုန်သံ

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chua Hian Kong Robert လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော်   ဩဂုတ်   ၁၀

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chua Hian Kong Robert သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကျော်ညွန့်၊ ဗိုလ်မှူးကြီး အောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းဖွင့်ပွဲ ကျင်းပ

ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယ/တတိယအဆင့် သင်တန်းအမှတ်စဉ်(၈၈) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော်   ဩဂုတ်   ၁၀

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယ/တတိယအဆင့် သင်တန်းအမှတ်စဉ်(၈၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့် တက်ရောက်၍ အမှာစကား ပြောကြားရာတွင် သင်တန်းမှ သင်ကြားပေးလိုက်သော ဘာသာရပ်အသီးသီးသည် စာရင်းပညာရှင်များ သိသင့်သိထိုက်သောအခြေအနေ အရပ်ရပ်ကို ခြုံငုံမိအောင် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ယခု သင်ကြားပေးလိုက်သော ပညာရပ်များကို လက်တွေ့နယ်ပယ်တွင် ထိရောက်အကျိုးရှိစွာ အသုံးချပြီး လုပ်ငန်းအရည်အသွေးများ စဉ်ဆက်မပြတ် တိုးတက်အောင် ကြိုးပမ်းနေကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်(တာဝန်)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းကထိကများနှင့် သင်တန်းသား၊ သင်တန်းသူ ၁၇၉ ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

အထက(၂) ဗိုလ်တထောင်မှ ကျောင်းသား၊ ကျောင်းသူ ၁၀၀ အား ဩဂုတ် ၈ ရက်က ဗိုလ်တထောင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိန်မြင့် စာရေးကိရိယာများ လှူဒါန်းခြင်းနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် အာဟာရ တိုက်ကျွေးစဉ်။ (ကြေးမုံ)

ချုံနွယ်ပေါင်းမြက်ရှင်းခြင်း ဆောင်ရွက်

မော်လမြိုင်ကျွန်း   ဩဂုတ်   ၁၀

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ မြို့မ(၄)ရပ်ကွက် အောင်ဇေယျလမ်း လမ်းဘေးဝဲ၊ ယာရှိ ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များရှင်းလင်းနေမှုကို ဇူလိုင် ၂၆ ရက်က ဆောင်ရွက်ရာ ဦးစီးအရာရှိ ဦးမျိုးဇော်နှင့် ဒုတိယဦးစီးမှူး (စျေး)ဦးအောင်အောင်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်သည်။

(မြို့နယ်စည်ပင်)

ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၀)ရပ်ကွက် စစ်တောင်းလမ်းနေ ဦးလှကျော်-ဒေါ်မိမိကြီးတို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဒေါက်တာဦးလှမြင့်အောင် လက်ခံစဉ်။ (ကြေးမုံ)

မြတ်ဗုဒ္ဓ၏အဆုံးအမနှင့် သတ္တလောက၏ ဖန်ဆင်းရှင်စာအုပ် ထုတ်ဝေဖြန့်ချိ

မြဝတီစာပေတိုက်သည် စာကောင်းပေမွန်များကို စဉ်ဆက်မပြတ် ထုတ်ဝေဖြန့်ချိလျက်ရှိရာ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး ရေးသားပြုစုသည့် အရှင်ဇေယျပဏ္ဍိတ (ပိုင်းလော့ဆရာတော်)၏ မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့် သတ္တလောက၏ ဖန်ဆင်းရှင်စာအုပ်အား တတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။

၎င်းစာအုပ်ကို အမှတ်(၁၈၁) (၃၂) လမ်း (အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၂၄၄ နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၉၂၇၃၊ ၅၄၄၈၉၄ (ဖြန့်ချိရေး) တို့သို့ ဆက်သွယ်မှာကြားဝယ်ယူဖတ်ရှုနိုင်သည့်အပြင် အမြို့မြို့အနယ်နယ်ရှိ စာအုပ်အရောင်းဆိုင်ကြီးများတွင်လည်း ရောင်းချပေးလျက်ရှိသည်။

စာပေ၊ ကဗျာ၊ ဂီတ အလင်္ကာစာအုပ် ထုတ်ဝေဖြန့်ချိ

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော သုတဘာဏ် စာတမ်းဖတ်ပွဲတွင် တင်သွင်းဖတ်ကြားသော စာရေးဆရာ မော်ဝန်းကြည်မြတ်၏ စာတမ်းကို ထပ်မံဖြည့်စွက်ချက်များနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်သည့် ထိုစာအုပ်တွင် မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက်တွင် ထင်ရှားခဲ့သော အဝေးရောက်မင်း ဦးအောင်ကြီး၏ အနုပညာဆိုင်ရာ၊ အမျိုးသားရေးဆိုင်ရာ စာပေလက်ရာများ ဖော်ပြထားပြီး စာအုပ်ဝယ်ယူသည့် ဆိုင်များတွင် အဝေးရောက်မင်း ဦးအောင်ကြီး ကိုယ်တိုင်နှင့် အဆိုတော် ဦးထွန်းရွှေတို့ ရွတ်ဆိုသီကျူးထားသော စီဒီခွေ (သုတဘာဏ် စာတမ်းခွေ)ကို မေတ္တာလက်ဆောင် ရယူနိုင်သည်။

စာအုပ်ကို သီဟနန္ဒစာပေ ဖုန်း-၀၁-၃၈၈၉၅၅နှင့် ၀၉-၇၃၁၁၉၃၄၄ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိထားသည်။

မြန်မာ့ရိုးရာ စကားထာများ ထွက်ရှိ

စကားထာနှင့်ပတ်သက်၍ အနောက်နိုင်ငံများတွင်လည်း ခေတ်စားခဲ့ကြောင်း၊ ရွှေရောင်လွှမ်းသော ဂရိတ်ခေတ်တွင် စကားထာများ ဝှက်သောအလေ့သည် အထူးပြန့်ပွားပြီး အချို့စကားထာများမှာ အသက်ကိုပင် အပေါင်ပြု၍ဝှက်ကြောင်း၊ ဂရိတ်ကဗျာဆရာကြီး ဟိုးမားသည် စကားထာတစ်ခုကို မဖြေနိုင်သောကြောင့် အရှက်ရကာ စိတ်ထိခိုက်သွားခဲ့ဖူးကြောင်း၊ ကျောင်းသား၊ ကျောင်းသူနှင့် လူငယ်လူရွယ်များပါမကျန် တန်ဖိုးရှိပွတ်သိ ဉာဏ်ရှိဖို့လိုကြောင်း စသည်ဖြင့် စကားထာ၊ စကားလိမ်၊ စကားဝှက်၊ သချၤာစကားထာ၊ ပုစ္ဆာစကားထာ၊ ပုံပြင်စကားထာများအပြင် ဘာသာရေးဆိုင်ရာ သိမှတ်ဖွယ်၊ ရာဇဝင်ဆိုင်ရာ သိမှတ်ဖွယ်နှင့် ဗဟုသုတများကို ကြည်ဦးရေးသားသည့် "မြန်မာ့ရိုးရာစကားထာများ" စာအုပ်တွင် အပြည့်အစုံ ဖော်ပြထားသည်။ ထိုစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) (ပ)ထပ် (၃၉) လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃နှင့် ၀၉-၇၃၀၅၉၉၃၅ တို့က ဖြန့်ချိလိုက်သည်။

၂၀၁၀ ခုနှစ် ထွန်းဖောင်ဒေးရှင်း စာမူဆုရ (ရှေးဟောင်းကျမ်း)စာအုပ် ထုတ်ဝေဖြန့်ချိ

၂၀၁၀ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာမူဆု(ရှေးဟောင်းကျမ်း) ချီးမြှင့်ခံရသော ယိုးဒယားနိုင်မော်ကွန်းစာအုပ်ကို ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီအမှတ် (၅၃/၆၁) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ်က ထုတ်ဝေဖြန့်ချိလိုက်သည်။

သမိုင်းမှတ်တမ်း

ဆင်ဖြူရှင်မင်းလက်ထက်က အောင်နိုင်ခဲ့သည့် အကြောင်းအရာများကို စာဆိုလက်ဝဲနော်ရထာက မှတ်တမ်းတင်ထားသည့် မော်ကွန်းအား ပေမူနှင့် လက်နှိပ်စက်မူတို့မှတစ်ဆင့် ဒေါက်တာရီရီခင်က ပြန်လည်တည်းဖြတ် ဖွင့်ဆိုထားသော သမိုင်းမှတ်တမ်းဆိုင်ရာ စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

မှာယူဖတ်ရှုလိုပါက ဖုန်း-၀၁-၂၉၆၃၂၅ နှင့် ၀၉-၇၃၁၀၄၄၈၇ တို့သို့ မှာယူနိုင်သည်။

သက်တမ်းလွန်စားသောက်ကုန်နှင့် တားမြစ်ခြင်ဆေးခွေများ မိုးကောင်း၌ ဖျက်ဆီး

မိုးကောင်း   ဩဂုတ်   ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့၌ သိမ်းဆည်းရမိသည့် သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် တားမြစ်ခြင်ဆေးခွေများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ဩဂုတ် ၅ရက် ညနေ ၄ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်း၌ လမ်းကြိတ်စက်ဖြင့် နင်းချေဖျက်ဆီးခဲ့သည်။ (၄၉၉)

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲရေး နာဂါစကီမြို့တော်ဝန် တိုက်တွန်း

တိုကျို ဩဂုတ် ၁၀

ဂျပန်နိုင်ငံသည် နေရောင်ခြည်စွမ်းအင်၊ လေရဟတ်စွမ်းအင်နှင့် ဇီဝဒြပ်ထုစွမ်းအင်တို့ကဲ့သို့သော ဘေးအန္တရာယ်လုံခြုံစိတ်ချရမှုပိုမိုရှိသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များအား ပိုမိုသုံးစွဲသွားနိုင်ရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း နာဂါစကီမြို့တော်ဝန်က ဩဂုတ် ၉ ရက်တွင် ပြောကြားသည်။

ဒုတိယကမ္ဘာစစ် အဆုံးသတ်ချိန်၌ အဏုမြူဗုံးဒဏ် ခံစားခဲ့ရမှု ၆၆ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားတစ်ရပ်တွင် နာဂါစကီမြို့တော်ဝန် တိုမီဟီဆာကရူးက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

တွေ့ကြုံခံစားခဲ့ရ

ပြီးခဲ့သည့်မတ်လက ဂျပန်နိုင်ငံ၌ အင်အားပြင်း ငလျင်လှုပ်မှုနှင့်အတူ ဖူကူရှီးမားဒိုင်အိချိ နျူကလီးယား ဓာတ်အားပေးစက်ရုံတွင် ဘေးဥပဒ်ကျရောက်ခဲ့ကြောင်း၊ နျူကလီးယားဓာတ်ရောင်ခြည်ဘေးအန္တရာယ် ဆိုက်ရောက်မှုကို ဂျပန်ပြည်သူများ တွေ့ကြုံခံစားခဲ့ရကြောင်း မြို့တော်ဝန်က ပြောကြားသည်။

အဏုမြူဗုံးဒဏ်ခံစားခဲ့ရမှု နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို နာဂါစကီမြို့၌ အမေရိကန်၏ အဏုမြူဗုံး ကျရောက်ပေါက်ကွဲခဲ့ရာနေရာအနီးတွင် ကျင်းပခဲ့သည်။

ဂျပန်နိုင်ငံသည် မတ် ၁၁ရက်က သဘာဝကပ်ဘေးနှင့် တွေ့ကြုံခဲ့ရချိန်အထိ နိုင်ငံ၏စွမ်းအင်လိုအပ်ချက် ၃၀ ရာခိုင်နှုန်းခန့်ကို နျူကလီးယားလျှပ်စစ်ဓာတ်အားအပေါ် မှီခိုအားထားနေခဲ့ရသည်။ ဂျပန်နိုင်ငံသည် ၂၀၃၀ ခုနှစ်ထက် နောက်မကျဘဲ စွမ်းအင်လိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းကို နျူကလီးယားစွမ်းအင်မှ ရယူရန် အစီအစဉ်တစ်ရပ်ကိုလည်း ချမှတ်ခဲ့သည်။ သို့ရာတွင် ယခုအခါ ဂျပန်အစိုးရက ယင်းအစီအစဉ်ကို ပြန်လည်သုံးသပ်လျက်ရှိသည်။

ဂျပန်နိုင်ငံ၌ မြေငလျင်လှုပ်မှုနှင့် ဆူနာမီရေလှိုင်းရိုက်ခတ်မှုတို့ကို တွေ့ကြုံခဲ့ရပြီးနောက် ယင်းနိုင်ငံရှိ ဓာတ်ပေါင်းဖို ၅၄လုံးအနက် ၁၆ လုံးကိုသာ လည်ပတ်စေခဲ့သည်။ ပိတ်ထားသော နျူကလီးယားစက်ရုံအများစုကို ဘေးအန္တရာယ်လုံခြုံမှုဆိုင်ရာ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **အင်တာနက်။**

ဩဂုတ် ၉ရက်က ဂျပန်နိုင်ငံ နာဂါစကီမြို့၌ အဏုမြူဗုံး ကျရောက်ခဲ့မှု နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပစဉ်။

အီးကိုလိုင်ရောဂါပိုးကို သုတေသနပြုလုပ်နိုင်ရန် ဥရောပသမဂ္ဂ စီစဉ်

ဘရပ်ဆယ် ဩဂုတ် ၁၀

အီးကိုလိုင် ဗက်တီးရီးယားပိုးမျိုးသစ်နှင့်ပတ်သက်၍ သုတေသနပြုလုပ်နိုင်ရန် ဥရောပသမဂ္ဂ(အီးယူ)က ယူရို ၂ ဒသမ ၂ သန်း ကျခံသုံးစွဲမည်ဖြစ်ကြောင်း ဥရောပကော်မရှင်က ဩဂုတ် ၁၀ ရက်တွင် ပြောကြားသည်။

ဥရောပတစ်ဝန်း၌ အီးကိုလိုင် ဗက်တီးရီးယားပိုးသစ်ကြောင့် ကူးစက်ရောဂါဖြစ်ပွားခဲ့ရာ လူပေါင်း ၄၀၀၀ ခန့် နာမကျန်းဖြစ်ခဲ့ပြီး ၅၁ဦး သေဆုံးခဲ့သည်။ အဆိုပါကူးစက်ရောဂါကြောင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းများတွင် ကြီးမားသော ဆုံးရှုံးမှုများနှင့် တွေ့ကြုံခဲ့ကြရသည်။

ပြည်သူ့ကျန်းမာရေးကို ခြိမ်းခြောက်ခဲ့သော အီးကိုလိုင် ဗက်တီးရီးယားပိုး မျိုးသစ်နှင့်ပတ်သက်၍ သိပ္ပံရေးရာ သုတေသနလုပ်ငန်းလုပ်ကိုင်ရန် ဥရောပကော်မရှင်က ဆုံးဖြတ်ခဲ့သည်။

ထိုစဉ်အတွင်း ရုရှားနိုင်ငံက ဥရောပသမဂ္ဂနိုင်ငံများမှ ဟင်းသီးဟင်းရွက်များ တင်သွင်းမှုအား ပိတ်ပင်ခဲ့မှုကို ပြန်လည်ရုပ်သိမ်းပေးလိုက်ပြီဖြစ်သည်။ ***အင်တာနက်။***

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် မောင်းသူမဲ့လေယာဉ်တိုက်ခိုက်၊ ၂၁ ဦးသေဆုံး

ကရာချိ ဩဂုတ် ၁၀

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများနေထိုင်ရာဒေသ၌ အမေရိကန်က မောင်းသူမဲ့လေယာဉ်ဖြင့်တိုက်ခိုက်ရာ ၂၁ ဦး သေဆုံးသွားကြောင်း၊ ကုလသမဂ္ဂခွင့်ပြုချက်မရှိဘဲ တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဩဂုတ် ၁၀ ရက်သတင်းတွင် ဖော်ပြသည်။

ပစ်မှတ်ထားတိုက်ခိုက်

အမေရိကန်တို့က မြောက်ပိုင်း ဝါဇီရစ္စတန်ပြည်နယ် လူမျိုးစုတိုင်းရင်းသားများနေထိုင်ရာဒေသရှိ မာရန်ရှားမြို့အနီး၌ နေအိမ်တစ်လုံးကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ကြောင်း၊ နေအိမ်အပျက်အစီးများအောက်မှ ရုပ်အလောင်းများကို ရှာဖွေလျက်ရှိကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါနေအိမ်ကို ဩဂုတ် ၁၀ ရက် အစောပိုင်းတွင် အမေရိကန် မောင်းသူမဲ့လေယာဉ်က ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခြင်းဖြစ်သည်။ သေဆုံးသူများမှာ ဒေသခံတိုင်းရင်းသားများ ဖြစ်သည်ဟု ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံရှိ တိုင်းရင်းသားများနေထိုင်ရာ ဒေသများတွင် စစ်သွေးကြွများကို ချေမှုန်းနိုင်ရန် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ရခြင်းဖြစ်သည်ဟု အမေရိကန်က အကြောင်းပြပြောဆိုလေ့ရှိသည်။

ကုလသမဂ္ဂ၏ခွင့်ပြုချက်မရယူဘဲ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့အရပ်သားများသာလျှင် သေဆုံးရသည်ဟု ဒေသခံများက ပြောကြားသည်။ **အင်တာနက်။**

တရုတ်နိုင်ငံ တလျံပင်လယ်ဆိပ်ကမ်းရှိ သင်္ဘောကျင်း၌ မွမ်းမံပြင်ဆင်နေသော လေယာဉ်တင်သင်္ဘောကြီးကို တွေ့ရစဉ်။

အာဖဂန်၌ လွန်ခဲ့သည့် ၁၉ ရက်အတွင်း စစ်သွေးကြွ ၁၈၉ ဦးကို ချေမှုန်းခဲ့

ကဘူး ဩဂုတ် ၁၀

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း၌ ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၁၀ ရက်အထိ ကာလအတွင်း မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)ဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့က ကျောထောက်နောက်ခံပြုထားသည့် အာဖဂန်ကြည်းတပ်တပ်ဖွဲ့၏ ချေမှုန်းတိုက်ခိုက်မှုများကြောင့် တာလီဘန်စစ်သွေးကြွ ၁၈၉ဦး သေဆုံးခဲ့ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီး ဇာဟီအဇီမီက ဩဂုတ် ၁၀ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သည့် ၁၉ ရက်အတွင်း နိုင်ငံတစ်ဝန်း၌ အာဖဂန်ကြည်းတပ်မှ တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ စစ်ဆင်ရေးများနှင့် နိုင်ငံတကာ လုံခြုံရေးအထောက်အကူပြု တပ်ဖွဲ့များနှင့် ပူးတွဲပြုလုပ်သော စစ်ဆင်ရေးများအတွင်း စစ်သွေးကြွ ၁၈၉ ဦးကို ချေမှုန်းသုတ်သင်ခဲ့ပြီး စစ်သွေးကြွ ၃၈၀ ကို ထိန်းသိမ်းခဲ့ကြောင်း ဗိုလ်ချုပ်ကြီး အဇီမီက မြို့တော်ကဘူး၌ နိုင်ငံစုံတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ကာစတင်းဂျက်ကော့ဆင်နှင့် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အာဖဂန်ကြည်းတပ်သည် အဆိုပါကာလအတွင်း လက်လုပ်ဗုံး ၁၆၇ လုံးကို စနက်တံဖြုတ်ပေးခဲ့ပြီး လက်နက် ၂၀၉ လက်နှင့် မော်တော်ယာဉ် ၂၂ စီးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း ဗိုလ်ချုပ်ကြီး အဇီမီက ပြောကြားသည်။ ***ဆင်ဟွာ။***

တရုတ်နိုင်ငံ၏ ပထမဆုံးလေယာဉ်တင်သင်္ဘော စမ်းသပ်မောင်းနှင်

ပေကျင်း ဩဂုတ် ၁၀

တရုတ်နိုင်ငံ၏ ပထမဆုံးသော လေယာဉ်တင်သင်္ဘောကို ပင်လယ်ပြင်အတွင်း ပထမဆုံးအကြိမ် စမ်းသပ်မောင်းနှင်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၁၀ ရက်တွင် ပြောကြားသည်။

အဆိုပါ လေယာဉ်တင်သင်္ဘောကို စမ်းသပ်ရေးအစီအစဉ်အရ ပင်လယ်ပြင်အတွင်း ပထမဆုံးအကြိမ် စမ်းသပ်ခုတ်မောင်းမှုမှာ အချိန်ကြာမြင့်ခြင်းမရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းသင်္ဘောသည် တလျံ ပင်လယ်ဆိပ်ကမ်းရှိ သင်္ဘောကျင်းသို့ ပြန်ရောက်သည့်အခါ ကြံ့ခိုင်ရေးလုပ်ငန်းနှင့် စမ်းသပ်မှုလုပ်ငန်းတို့ကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ဆိုသည်။

လေယာဉ်တင်သင်္ဘောကို လေ့ကျင့်ရေးနှင့် သုတေသနတို့အတွက် အသုံးပြုမည်ဟု တရုတ်အစိုးရက ပြောကြားခဲ့သည်။

အဆိုပါ လေယာဉ်တင်သင်္ဘောကို ဆိုဗီယက်ရေတပ်အတွက် တည်ဆောက်ခဲ့ပြီး ဗာရက်ဂ်ျဟု ခေါ်တွင်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲခဲ့မှုကြောင့် ယင်းလေယာဉ်တင်သင်္ဘော တည်ဆောက်ရေးလုပ်ငန်း နှောင့်နှေးကြန့်ကြာခဲ့သည်ဟု သတင်းတွင်ပါရှိသည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ လုံခြုံရေးဆောင်ရွက်နေသော အာဖဂန်ကြည်းတပ် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ဗြိတိန်ရေတပ် ပထမဆုံးအမျိုးသမီးစစ်ရေယာဉ်မှူး ခန့်အပ်

လန်ဒန် ဩဂုတ် ၁၀

ဗြိတိန်တော်ဝင်ရေတပ်တွင် ရှေ့တန်းစစ်ရေယာဉ်တစ်စင်း၏ ရေယာဉ်မှူးအဖြစ် အမျိုးသမီးတစ်ဦးအား ခန့်အပ်လိုက်ပြီး ၎င်းသည် သက်တမ်း နှစ် ၅၀၀ ရှိ ဗြိတိန်ရေတပ်သမိုင်းတွင် အမျိုးသမီးတစ်ဦးအား ပထမဆုံးအကြိမ် စစ်ရေယာဉ်မှူးအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ယင်းရာထူး၌ခန့်အပ်ခံရသူ ရေတပ်ဗိုလ်ကြီး ဆာရာဝက်စ်သည် အသက် (၃၉)နှစ်ရှိပြီဖြစ်ပြီး ပလိုင်းမောက် အခြေစိုက် အိတ်ချ်အမ်အက်စ် ပို့တ်လင်းရေယာဉ်၏ ရေယာဉ်မှူးအဖြစ် ၂၀၁၂ ခုနှစ် ဧပြီလတွင် တာဝန်ယူရမည်ဖြစ်သည်။

အဆိုပါသင်္ဘောမှာ ပုံစံ-၂၃ ဖရီးဂိတ်သင်္ဘောဖြစ်ပြီး ရေတပ်သား ၁၈၅ ဦးပါဝင်ကာ ဒုံးကျည်များနှင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး တိုပီဒိုများ တပ်ဆင်ထားသည်။

ဗိုလ်ကြီးဆာရာဝက်စ်သည် အင်္ဂလန်နိုင်ငံ လင်ကွန်းရှိုင်းယားတွင် မွေးဖွားကြီးပြင်းခဲ့သူဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် တော်ဝင်ရေတပ်သို့ ဝင်ရောက်ခဲ့ကာ ယခင်က မိုင်းရှင်းသင်္ဘောလေးစင်းကို ကွပ်ကဲခဲ့သည်။ဗြိတိန်ရေတပ်သည် ၁၉၉၀ ပြည့်မှစ၍ အမျိုးသမီးတပ်ဖွဲ့ဝင်များကို ပင်လယ်ပြင်တာဝန်ထမ်းဆောင်မှုများ ခွင့်ပြုခဲ့သည်။ **အင်တာနက်။**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဩဂုတ် ၁၀

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၁၀ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၆၇၁၂ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၈၀၄၀၆ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြ ထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၆၇၁၂ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၈၀၄၀၆ ဦး

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဩဂုတ် ၁၀

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၁၀ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၄၁၇၂ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၁၈၄၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၄၁၇၂ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၈၄၈ ဦး

အင်တာနက်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား အမေရိကန်ပြည်ထောင်စု Caterpillar Inc မှ အာရှ၊ ပစိဖိတ်ဒေသတာဝန်ခံ ဒါရိုက်တာ Mr. Walt Bradbury ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား အမေရိကန်နှင့် ဂျပန်ဧည့်သည်များ သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၀

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား အမေရိကန်ပြည်ထောင်စု Caterpillar Inc မှ အာရှ၊ ပစိဖိတ်ဒေသတာဝန်ခံ ဒါရိုက်တာ Mr. Walt Bradbury ဦးဆောင်သောအဖွဲ့နှင့် ဂျပန်နိုင်ငံ ITOCHU Corporation မှ အမှုဆောင် ဒုတိယဥက္ကဋ္ဌ Mr. Yuji Fukuda ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် သက်ဆိုင်ရာကုမ္ပဏီများမှ မြန်မာနိုင်ငံအတွင်း ကုန်းတွင်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ပိုက်လိုင်းတည်ဆောက်ခြင်းနှင့် ရေနံဓာတုအခြေခံ စက်ရုံအလုပ်ရုံများ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ခွင့်ရရှိရေး၊ နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ စွမ်းအင်စီမံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဩဂုတ် ၁၀

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဩဂုတ် ၉ ရက် နံနက် ပိုင်းတွင် နည်းပညာတက္ကသိုလ်(ပုသိမ်)ရှိ စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအစည်းအဝေးခန်းမ၌ ဒုတိယပါမောက္ခများ၊ မော်ကွန်းထိန်းများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဌာနစုမှူးများ၊ နည်းပြ/သရုပ်ပြ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာတက္ကသိုလ်များသည် အလွန်အရေးပါကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့သင်ကြားနေသော ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် လေ့လာကြိုးစားသင်ကြားပေးရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲ ၁ နာရီခွဲတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၁၁)သို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစောမြသိန်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့ကဏ္ဍအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ကြသည်။ (သတင်းစဉ်)

ကချင်ပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ပြည်တွင်းကုန်တင်/ကုန်ချ အလုပ်သမားများအား တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၀

ကချင်ပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းမောင်ရွှေသည် ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီ မိနစ်၂၀ တွင် မြစ်ကြီးနားမြို့ရှိ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ပြည်တွင်း ကုန်တင်/ကုန်ချရုံးသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့် ပြည်တွင်း ကုန်တင်/ကုန်ချ အလုပ်သမားများအား တွေ့ဆုံ၍ တစ်ဦးချင်းစီအား အခက်အခဲများကို မေးမြန်းပြီး အကြံပြုဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

ယာဉ်အန္တရာယ် ကာကွယ်တားဆီးရေး ပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်မြို့ အလက(၃)သယ်န်းကျွန်းမြို့နယ်၏ ယာဉ်အန္တရာယ် ကာကွယ်တားဆီးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဇူလိုင် ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင် ခရိုင်အတွင်းရေးမှူး ဦးအောင်ဇော်နိုင်က အဆိုပါကျောင်းခန်းမ၌ ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို သရုပ်ပြရှင်းလင်းဟောပြောခဲ့သည်။ (ကြေးမုံ)

နိုင်ငံတကာအနုပညာရပ်ဝန်း

ကြည့်ရှုသူပရိသတ်အများဆုံး စံချိန်တင်ခဲ့သည့် Sector 7 ရုပ်ရှင်ကား

ကိုရီးယားစိတ်ကူးယဉ် သိပ္ပံအက်ရှင်ဇာတ်ကား Sector 7 ကို လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း တောင်ကိုရီးယားနိုင်ငံ၌ ရုံတင်ပြသခဲ့ရာ ကြည့်ရှုသူပရိသတ်အများဆုံး ဇာတ်ကားအဖြစ် ရပ်တည်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကိုရီးယားနိုင်ငံ၏ ကြည့်ရှုသူပရိသတ်အများဆုံးဇာတ်ကားများ စာရင်းကို တနင်္လာနေ့က ထုတ်ပြန်ကြေညာရာတွင် ဟာဂျီဝန်၊ အန်ဆန်ကီ၊ အိုဂျီအိုတို့ ပါဝင်သရုပ်ဆောင်ထားသည့် Sector 7 ရုပ်ရှင်ဇာတ်ကားသည် စတင်ရုံတင်ပြသခဲ့သည့် ဩဂုတ် ၄ ရက်မှ ၇ ရက်အထိ ကြည့်ရှုသူပရိသတ် ၁၁၅၄၁၅၈ ဖြင့် ထိပ်ဆုံးမှ ရပ်တည်ခဲ့သည်။

၎င်းဇာတ်ကားတွင် ရေနံရှာဖွေရေး သင်္ဘောကြီးတစ်စင်းပေါ်၌ လူသားများနှင့် သဘာဝလွန် ဒဏ္ဍာရီဆန်ဆန် သတ္တဝါကြီး တစ်ကောင်တို့ တိုက်ခိုက်ပုံများကို ဖန်တီးရိုက်ကူးထားသည်။ ယင်းဇာတ်ကားကို ကိုရီးယားဒါရိုက်တာ ကင်မ်ဂျီဟွန်းက ရိုက်ကူးပြီး ပြင်သစ်နိုင်ငံ၌ ကျင်းပခဲ့သည့် ကန်ရုပ်ရှင်ပွဲတော်တွင် ပြင်သစ်၊ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံ၊ လူဇင်ဘတ်၊ ဂျာမနီနှင့် ဩစတြီးယားနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၄၆ နိုင်ငံသို့ ရောင်းချထားပြီး ဖြစ်သည်။



ကိုရီးယား ဟာသအက်ရှင်ဇာတ်ကား Quick က ကြည့်ရှုသူပရိသတ် ဒုတိယအများဆုံးဇာတ်ကားအဖြစ် ရပ်တည်နေပြီး ယင်းဇာတ်ကားတွင် လီမင်ကီနှင့် ကန်ရီဝန်တို့ ပါဝင်သရုပ်ဆောင်ထားသည်။ ကိုဆူးနှင့် ရှင်ဟာကျွင်းတို့ ပါဝင်သရုပ်ဆောင်ထားသည့် The Frontline ဇာတ်ကားက နံပါတ်သုံးနေရာတွင် ရှိနေသည်။

ကိုရီးယားကာတွန်းဇာတ်ကား Leafie, A Hen Into the Wild ဇာတ်ကားက နံပါတ်လေးနေရာတွင် ရပ်တည်နေပြီး ဂျပန်ကာတွန်းဇာတ်ကား Detective Conan: Quarter of Silence ဇာတ်ကားက နံပါတ်ငါးနေရာတွင် ရပ်တည်နေသည်။

Harry Potter and the Deathly Hallows Part-2 ဇာတ်ကားက နံပါတ်ခြောက်၊ Rio ဇာတ်ကားက နံပါတ်ခုနစ်၊ Arrow The Ultimate Weapon ဇာတ်ကားက နံပါတ်ရှစ်၊ Ghastly ဇာတ်ကားက နံပါတ်ကိုးနှင့် Captain America The First Avengen ဇာတ်ကားက နံပါတ် ၁၀ ဖြင့် အသီးသီး ရပ်တည်လျက်ရှိသည်။

အင်တာနက်။

အောင်ဝမ်းစိုး

ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ ကိစ္စရပ်များ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၀

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး သံမှူး Mr. Jin Honggen သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး**(အပေါ်ပုံ)** အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးနှင့်အတူ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

ရူပဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲအတွက် အကြိုညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တက္ကသိုလ် ရူပဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၉၁-၁၉၉၄) ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် အကြိုတွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃၀ ရက်တွင် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်ရှိ M3 စားသောက်ဆိုင်၌ ကျင်းပရာ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် စီစဉ်ထားရှိပြီး ကျင်းပရေးကော်မတီသစ် ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များကို ခွဲဝေပေးခြင်းများ ပြုလုပ်ကြသည်။ ထို့နောက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအတွက် တတိယအကြိမ် အကြိုညှိနှိုင်းအစည်းအဝေးပွဲကို ဩဂုတ် ၁၃ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ဒေါက်တာဇော်လင်းသူ ဖုန်း-၀၉-၅၀၀၆၀၂၄၊ ကိုဆန်းလင်း ဖုန်း-၀၉-၅၀၁၁၀၉၇၊ မိအိအိ ဖုန်း-၀၉-၅၀၅၄၈၀၀၊ ကိုသူရဝင်း ဖုန်း-၀၉-၇၃၁၄၄၀၇၀၊ မမီမီကျော် ဖုန်း-၀၉-၅၀၀၄၃၅၄၊ မမေသွယ်ဦး ဖုန်း-၀၉-၅၁၆၄၇၇၈၊ ကိုအောင်ဇော်မိုး ဖုန်း-၀၉-၅၁၇၉၉၃၁ နှင့် ကိုညီညီလွင် ဖုန်း-၀၉-၅၅၀၁၁၇၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ (ကြေးမုံ)

ကွင်းဆင်းကြီးကြပ်

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဗိုလ်ချုပ်လမ်း ဝဲ၊ ယာတစ်လျှောက် ရေမြောင်းများ ဆယ်ယူရှင်းလင်းနေမှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလင်းနှင့် အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (ကြေးမုံ)

ကညွတ်ကွင်းအထက နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

ကညွတ်ကွင်း ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီး ကညွတ်ကွင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုပေးပွဲအခမ်းအနားကို ကညွတ်ကွင်း အထကရှိ မြရတနာခန်းမ၌ ဩဂုတ် ၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားသို့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ မိဘဆရာအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဆရာ၊ ဆရာမများတက်ရောက်ကြပြီး ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အမှတ်(၂) မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်၊ ကျောင်းအကျိုးတော်ဆောင် နာယက ဦးအောင်မြင့်က အမှာစကားပြောကြားပြီး အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝေ၊ မန္တလေးမြို့မှ ဦးဘကျော်၊ T.Z.T.M ဆောက်လုပ်ရေးကုမ္ပဏီ (နေပြည်တော်)မှ စီမံကိန်းဒါရိုက်တာ ဦးထွန်းမြင့်တို့က ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားမှုထူးချွန်ဆုရရှိသော ဆရာ၊ ဆရာမတို့အား ချီးမြှင့်ပေးအပ်ကြသည်။ (၅၂၁)

အရောက်လှမ်းလာခဲ့ပါ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်သို့သာ ...

သတင်းဆောင်းပါး - စန္ဒာခင်

မြန်မာနိုင်ငံမှာ မတ်လလို ခြောက်သွေ့တဲ့ရာသီမှာ ၁၀ တန်းစာမေးပွဲကို ဖြေရပါတယ်။ ဇွန်၊ ဇူလိုင်လို မိုးတွင်းကာလမှာ အောင်စာရင်းထွက်ပါတယ်။ ပြီးတော့ အောက်တိုဘာ၊ နိုဝင်ဘာလို ဆောင်းအေးအေးမှာ တက္ကသိုလ်၊ ကောလိပ်တွေကို စတင်တက်ရောက်ကြပါတယ်။ ကျောင်းသားတစ်ယောက်အဖို့ နွေ၊ မိုး၊ ဆောင်း ရာသီ သုံးပါးစလုံးမှာ ကျောင်းတက်လိုက်၊ စာသင်လိုက်၊ စာမေးပွဲဖြေလိုက်၊ အောင်စာရင်းကြည့်လိုက်နဲ့ လည်ပတ်ခဲ့ရတာ သူငယ်တန်းက စခဲ့ကြရပါတယ်။ ဒီလို ပုံမှန်လည်ပတ်နေတဲ့ ပညာရေးပြက္ခဒိန်ယန္တရားကြီးက မူလတန်း၊ အလယ်တန်း၊ အထက်တန်းတွေမှာ မထူးခြားခဲ့ပေမယ့် ၁၀ တန်းကနေ တက္ကသိုလ်အကူးအပြောင်းကတော့ ထူးခြားလှတယ်လို့ ပြောရမှာပါ။ အတန်းစဉ်အလိုက် အတူသွား၊ အတူစား၊ အတူကစားခဲ့တဲ့ ငယ်ပေါင်းတွေကလည်း ၁၀ တန်းပြီးသွားတာနဲ့ ရွေးချယ်လိုက်တဲ့

မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားတွင် သဘင်ပညာဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဖျော်ဖြေတင်ဆက်စဉ်။

ဘာသာရပ်နဲ့ တက္ကသိုလ်အပေါ်မူတည်ပြီး ကွဲကွာသွားကြပါတယ်။ တက္ကသိုလ်က ဘွဲ့တွေ ကိုယ်စီရပြီးကြတော့လည်း အသက်မွေးမှုလမ်းကြောင်းအပေါ် အခြေခံလို့ ပြန်မဆုံဖြစ်ကြတာများပါတယ်။ ရံဖန်ရံခါ အကြောင်းတိုက်ဆိုင်လို့ရယ်၊ အာစရိယပူဇော်ပွဲလို ပွဲလမ်းမျိုးတွေမှာရယ်လောက်သာ ငယ်ပေါင်းသူငယ်ချင်းတွေနဲ့ ပြန်ဆုံဖြစ်ကြပါတော့တယ်။

ဒါကြောင့် ကျောင်းသားဘဝမှာ စိတ်လှုပ်ရှားမှုအပေးဆုံးနဲ့ ထူးခြားမှုအရှိဆုံးကာလကတော့ ၁၀ တန်းစာမေးပွဲဖြေဆိုရတဲ့ နွေရာသီအစလို တက္ကသိုလ်တွေစဖွင့်တဲ့ ဆောင်းရာသီ အဆုံးကာလလိုပဲ ရည်ညွှန်းရမှာပါ။ ဒီကြားထဲက အောင်စာရင်းတွေ ထုတ်ပြန်ပေးတဲ့ မိုးအေးအေးနဲ့ နေ့တစ်ရက်ကိုလည်း မေ့မရတဲ့အပြင် ပြန်တွေးလိုက်တိုင်းမှာ အားရတာတွေရော၊ အားမရတာတွေရော စုပြုံပေါင်းစပ်နေတဲ့ ခံစားမှုမျိုး ရနေတုန်းဖြစ်ပါလိမ့်မယ်။ ဒီလို ခံစားမှုအားလုံးကို ဘဝအမောတွေ၊ လူမှု ဒုက္ခအမောတွေ မရှိသေးတဲ့ နုနယ်ဖြူစင်လှတဲ့ ကျောင်းသားဘဝရဲ့ အရသာတွေလို့ မှတ်ယူနိုင်ပါတယ်။

အခုနှစ် ၁၀ တန်းအောင်ထားတဲ့ ကျောင်းသား၊ ကျောင်းသူတွေအဖို့ ဘာသာရပ်အလိုက် ရမှတ်တွေထုတ်ပြီး တက္ကသိုလ်ရွေးချယ်ဖို့ အဆင်သင့်ဖြစ်နေကြပါပြီ။ မကြာခင်မှာ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာတွေ ရေးဖြည့်ပြီး လျှောက်ထားရပါတော့မယ်။ ဒီတော့ ကျောင်းသားတွေက အလုပ်ရှုပ်၊ စိတ်ရှုပ်နဲ့ဖြစ်နေသလို မိဘတွေကလည်း ကလေးအတွက် ဝိုင်းစဉ်းစားလိုက်၊ နီးစပ်ရာတွေကို တိုင်ပင်လိုက်၊ အဖေ၊ အမေနဲ့ကလေး သုံးဦးသုံးဖလှယ် စကားတွေများလိုက်နဲ့ အသံတွေ ထွက်နေတဲ့အချိန်ကာလဖြစ်ပါတယ်။ ဒီတော့ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားတော့မယ့် ၁၀ တန်းအောင် ကျောင်းသားတစ်ဦးအတွက် ရွေးချယ်ရာမှာ ဘယ်အချက်တွေက အရေးပါဆုံးလဲဆိုတဲ့ ကိစ္စကို စဉ်းစားရမှာဖြစ်ပါတယ်။

အဓိကအကျဆုံးအချက်ကတော့ ကာယကံရှင် ကျောင်းသားရဲ့ မွေးရာပါဗီဇ၊ ပါရမီနဲ့ ဝါသနာဖြစ်ပါတယ်။ နောက်တစ်ချက်က ကျောင်းသားရဲ့ ဆန္ဒပြင်းပြမှုနဲ့ စိတ်ပါဝင်စားမှုဖြစ်ပါတယ်။ ဒါ့အပြင် ရရှိမယ့်ဘွဲ့ ဒီဂရီကိုအခြေခံပြီး ရေရာသေချာတဲ့ အနာဂတ်ဖန်တီးနိုင်မှုဆိုတဲ့အချက်တွေကို ထည့်သွင်းစဉ်းစားကြပါတယ်။ သို့သော်လည်း တစ်ခါတစ်ရံမှာ အဆိုပါအချက်အလက်တွေကို မျက်ကွယ်ပြုပြီး စာမေးပွဲရမှတ် တစ်ခုတည်းအပေါ် အခြေခံကာ အမြင့်ဆုံးရနိုင်တဲ့ တက္ကသိုလ်ဘာသာရပ်တစ်ခုကို ရွေးချယ်လျှောက်ထားလိုက်ကြပါတယ်။ ကျောင်းသားအနေနဲ့ကလည်း မိဘများရွေးချယ်ရာကိုပဲ ငြင်းချက်မရှိအလွယ်တကူ တက်လိုက်ကြပါတယ်။ တက္ကသိုလ်ဘဝရဲ့ ကနဦးကာလတွေမှာ မသိသာပေမယ့် အလယ်ကာလနဲ့ ဘွဲ့ကြိုကာလတွေမှာ ဗီဇနဲ့ဝါသနာက အစွမ်းပြလာပါတော့တယ်။ ဝါသနာမပါတဲ့ ဘာသာရပ်ဖြစ်လို့ သင်ကြားရေးမှာ စိတ်မပါ၊ ဆန္ဒပြင်းပြမှုကမရှိ၊ နောက်ဆက်တွဲပြဿနာက ထူးချွန်ဖို့ဝေးစွ၊ အတန်းစဉ်အောင်ဖို့ပါ အခက်အခဲရှိလာပါပြီ။ ဒီလိုနဲ့ ဘွဲ့ရသွားပြန်တော့လည်း နဂိုကမှ ဝါသနာမပါတဲ့အတွက် ဘွဲ့နှင့်မသက်ဆိုင်သော အသက်မွေးမှုတစ်ခုခုကို ရွေးချယ်ပြီးလုပ်ကြပြန်ပါတယ်။ ဒါကြောင့် ဘဝလမ်းကြောင်းက အရှိန်အဟုန် မရနိုင်တော့ဘဲ စမ်းတဝါးဝါးဖြစ်သွားရတဲ့ဘဝတွေ အမြောက်အမြား နေ့စဉ်တွေ့မြင်နေရပါတယ်။

လူတစ်ယောက်အနေနဲ့ အောင်မြင်တဲ့ဘဝတစ်ခု၊ ထူးချွန်တဲ့ပညာရှင် ဘဝတစ်ခုရရှိခံစားနိုင်ဖို့ မွေးရာပါဗီဇ၊ ပါရမီနဲ့ ဝါသနာရဲ့တွန်းအားတွေ အများကြီးလိုအပ်ပါတယ်။ လူမှုပတ်ဝန်းကျင်မှာ ကြိုးစားမှုချင်းအတူတူ၊ ကံဉာဏ်ဝီရိယ စိုက်ထုတ်မှုချင်း အတူတူဆိုပေမယ့် အောင်မြင်မှုရလဒ်တွေ ကွာခြားနေရတော့ အမြဲတမ်းတွေ့မြင်ကြားသိနေရပါတယ်။ ဒီလို ဖြစ်စဉ်ဖြစ်ရပ်တွေကို စနစ်တကျ ဆန်းစစ်အဖြေထုတ်ကြည့်ပါက တွေ့ရှိချက်ကတစ်ခုတည်း တွေ့ရပါလိမ့်မယ်။ အဲဒါကတော့ မွေးရာပါဗီဇ၊ ပါရမီနဲ့ ဝါသနာဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ ဒီအချက်ကို အမိအရဖမ်းဆုပ်နိုင်ဖို့က ကာယကံရှင်နဲ့ မိဘနှစ်ပါးပဲဖြစ်ပါတယ်။ ကျောင်းခန်းထဲမှာဆရာ၊ ဆရာမက အကဲခတ်ပေးဖို့ ခက်ခဲပါတယ်။ အတန်းစဉ်တစ်လျှောက်မှာ ဆရာ၊ ဆရာမတွေကလည်း နှစ်အလိုက် ပြောင်းနေတဲ့အတွက် ကျောင်းသားအတွက် အကဲခတ်ပေးဖို့၊ အကဲဖြတ်ပေးဖို့ ခဲယဉ်းပါတယ်။ ဒါကြောင့် မိဘတွေက မူလတန်းကစလို့ ၁၀ တန်းအောင်သည်အထိ နှစ်အလိုက်၊ အရွယ်အလိုက် ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ စိတ်ပါဝင်စားမှု၊ ဆန္ဒပြင်းပြမှု၊ ကျွမ်းကျင်မှုနဲ့ အားနည်းမှုစတဲ့ အချက်တွေကို လေ့လာတွေ့ရှိ ဖော်ထုတ်နိုင်ပါတယ်။ ကာယကံရှင်ကလေးရဲ့ စိတ်မပါတဲ့ဘာသာရပ်၊ ကျွမ်းကျင်မှုမရှိတဲ့ ဘာသာရပ်ကို ရွေးချယ်ပေးခဲ့ပါက အချိန်တန်လျှင် ဘွဲ့လက်မှတ်ရရုံကလွဲလို့ ဘာမှ အကျိုးထူးလာစရာမရှိနိုင်ကြောင်း တွေ့ရပါလိမ့်မယ်။

ဒါကြောင့် ၁၀ တန်းအောင်မြင်ပြီး တက္ကသိုလ်ဝင်ခွင့်လျှောက်ထားတော့မယ့် သားသား၊ မီးမီးတို့ကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်အကြောင်း သတင်း အချက်အလက်တွေကို ပေးချင်ပါတယ်။

မြန်မာနိုင်ငံမှာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် နှစ်ခုရှိပါတယ်။ တစ်ခုက ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှာဖြစ်ပြီး နောက်တစ်ခုက မန္တလေးမြို့မှာ တည်ရှိပါတယ်။ သင်ကြားတဲ့ အထူးပြုဘာသာရပ်တွေကတော့ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ဆိုပြီး ငါးခုရှိပါတယ်။ မိမိရွေးချယ်ပြီး သင်ယူလိုက်တဲ့ အထူးပြုဘာသာရပ်ပေါ်မူတည်ပြီး ဝိဇ္ဇာဘွဲ့(ဂီတ)၊ ဝိဇ္ဇာဘွဲ့(သဘင်)၊ ဝိဇ္ဇာဘွဲ့(ပန်းချီ)၊ ဝိဇ္ဇာဘွဲ့(ပန်းပု)၊ ဝိဇ္ဇာဘွဲ့(ရုပ်ရှင်နှင့်ပြဇာတ်)ဆိုပြီး ဘွဲ့အပ်နှင်းပါတယ်။ ဝိဇ္ဇာဘွဲ့ကို ပညာသင်နှစ် သုံးနှစ် သတ်မှတ်ထားပြီး ဝိဇ္ဇာဂုဏ်ထူးဘွဲ့ကိုတော့ လေးနှစ်သတ်မှတ်ထားပါတယ်။ အထူးပြုဘာသာရပ်တွေအပြင် စာပေဘာသာရပ်များဖြစ်တဲ့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ရသပညာ၊ မြန်မာယဉ်ကျေးမှုသမိုင်း၊ ရှေးဟောင်းသုတေသနပညာ၊ သိပ္ပံ၊ ပထဝီဝင်၊ သင်္ချာ၊ သမိုင်းနဲ့ အရှေ့တိုင်းပညာတွေကိုလည်း သင်ကြားပေးလျက်ရှိပါတယ်။

ဂီတအထူးပြုပညာကို ရွေးချယ်လိုက်ပါက မြန်မာ့ဂီတ ဖွဲ့သီမှု၊ ဂီတပညာသမိုင်း၊ မြန်မာဂီတဗီဇနှင့် အခြေခံမြန်မာ့ဂီတဖွဲ့စည်းမှုနှင့် ဆင့်ကဲဖြစ်စဉ်၊ မြန်မာ့ဂီတပညာရှင်များနှင့် ကမ္ဘာ့ဂီတပညာရှင်များ၏ အတ္ထုပ္ပတ္တိများ၊ တိုင်းရင်းသားများ၏ ရိုးရာဂီတများ၊ တူရိယာပစ္စည်းများ လက်တွေ့တီးခတ်ခြင်းစတဲ့ ဘာသာရပ်တွေကို အခြေခံကစလို့ အသေးစိတ်သင်ကြားပေးမှာ ဖြစ်ပါတယ်။

သဘင်အထူးပြုပညာကို ရွေးချယ်လိုက်ပါက အကနှင့် အကဗေဒ၊ ဇာတ်ပို့တေးဂီတ၊ မြန်မာရုပ်စုံပညာ၊ ဇာတ်ညွှန်းရေးပညာ၊ ဇာတ်စင်ညွှန်ကြားမှုပညာ၊ ရွှဲပညာ၊ မြန်မာ့ရိုးရာဇာတ်ကြီးပညာ၊ သဘင်ပညာသမိုင်းစတဲ့ ဘာသာရပ်တွေကို ကျွမ်းကျင်တဲ့ဆရာတွေနဲ့ နိုင်ငံကျော် သဘင်ပညာရှင်တွေက သင်ကြားပေးမှာဖြစ်ပါတယ်။

ပန်းချီအထူးပြုပညာကို ရွေးချယ်မည်ဆိုပါက ပန်းချီနည်းပညာ၊ မြန်မာ့ရိုးရာပန်းချီ၊ ပန်းချီခန္ဓာဗေဒ၊ ဒီဇိုင်း၊ ပန်းချီပညာသမိုင်း၊ ရသပန်းချီ၊ အခြေခံပုံဆွဲပညာ၊ လုပ်ငန်းပန်းချီ စတဲ့ ဘာသာရပ်တွေကို သင်ယူရပါလိမ့်မယ်။

ပန်းပုအထူးပြုပညာကို ရွေးချယ်လိုက်ပါက ပန်းပုနည်းပညာ၊ မြန်မာ့ရိုးရာပန်းပု၊ ခန္ဓာဗေဒ၊ အခြေခံပုံဆွဲ၊ Material Technology၊ Contemporary Sculpture၊

အကယ်ဒမီများရှင် ရုပ်ရှင်သရုပ်ဆောင် မေသန်းနုက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနရှိ ကျောင်းသား၊ ကျောင်းသူများအား သရုပ်ဆောင်ပညာရပ် သင်ကြားပို့ချစဉ်။

ပန်းပုပညာသမိုင်းစတဲ့ ဘာသာရပ်တွေကို စနစ်တကျ သင်ကြားပေးမှာဖြစ်ပါတယ်။

ရုပ်ရှင်နှင့် ပြဇာတ်အထူးပြုပညာကို ရွေးချယ်လိုက်ပါက ဇာတ်ညွှန်းပညာ၊ စီစဉ်ညွှန်ကြားမှုပညာ၊ ရုပ်ရှင်ဓာတ်ပုံပညာ၊ သရုပ်ဆောင်ပညာ၊ တည်းဖြတ်ပညာ စတဲ့ ဘာသာရပ်တွေကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမှာဖြစ်ပါတယ်။

ဘွဲ့ရရှိပြီးနောက် ယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍများနဲ့ ဆက်စပ်နီးနွယ်နေတဲ့ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကိုလည်း တက်ရောက်သင်ကြားနိုင်ပါတယ်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကို (၂၄-၉-၁၉၉၃) ရက်နေ့က ရန်ကုန်မြို့မှာ စတင်ဖွင့်လှစ်ခဲ့တာဖြစ်လို့ သက်တမ်းအားဖြင့် (၁၈)နှစ်ရှိခဲ့ပြီးဖြစ်ပါတယ်။ ဒီတက္ကသိုလ်ကျောင်းဆင်းဘွဲ့ရများဟာ သက်ဆိုင်ရာ အနုပညာနယ်ပယ်အသီးသီးမှာ နေရာရနေကြပြီဖြစ်ပါတယ်။ တချို့လည်း စာပေဆုများ၊ ရုပ်ရှင်အကယ်ဒမီ ထူးချွန်ဆုများ ရရှိခဲ့ကြပါတယ်။ ထူးချွန်ဆုများ မရသော်လည်း ကိုယ်ပိုင်အနုပညာလုပ်ငန်းနဲ့ ဟန်ကျပန်ကျ ရပ်တည်နေကြသူများလည်း အများအပြားရှိနေပါတယ်။ တချို့ကျတော့ ပြည်ပ ပညာတော်သင်ရရှိပြီး မဟာဘွဲ့၊ ပါရဂူဘွဲ့များ ရယူပိုင်ဆိုင်ထားကြပြီးဖြစ်တယ်။ နိုင်ငံတကာနဲ့ ယဉ်ကျေးမှုအနုပညာဆိုင်ရာ ပညာရပ်တွေ ပူးပေါင်းဖလှယ်ရေးတွေလည်း ဆောင်ရွက်လျက်ရှိပါတယ်။ တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများကလည်း ရေးဆွဲထားတဲ့ သင်ရိုးညွှန်းတမ်းများအပေါ်မှာ ပိုင်ပိုင်နိုင်နိုင် သင်ကြားပေးနိုင်ကြတယ်။ သင်ကြားရေးအထောက်အကူ ပစ္စည်းများကလည်း အစုံအလင်ရှိသလို ခေတ်မီ စတူဒီယိုများ၊ ဇာတ်ရုံများနဲ့ လက်တွေ့ပို့ချပေးလျက် ရှိပါတယ်။ နိုင်ငံကျော် ဂီတ၊ သဘင်၊ ရုပ်ရှင်ပညာရှင်များ၊ ပန်းချီ၊ ပန်းပု ပညာရှင်ကြီးများကလည်း အလှည့်ကျ လာရောက်ပို့ချပေးတဲ့အတွက် ကျောင်းသားများအတွက် အားရကျေနပ်မှု ရရှိတဲ့အပြင် အတွေ့အကြုံ၊ ဗဟုသုတများ တိုးပွားစေခဲ့ပါတယ်။ တက္ကသိုလ်ကို အမျိုးသားအဆင့် သတ်မှတ်ထားတဲ့အတွက် တက္ကသိုလ်ရဲ့ ဥပဓိရုပ်ကိုလည်း တက္ကသိုလ်အင်္ဂါရပ်များနဲ့အညီ ဖွဲ့စည်းတည်ဆောက်ထားပါတယ်။

အနုပညာကို ဗီဇ၊ ပါရမီပါရှိတဲ့ သားသား၊ မီးမီးတို့အနေနဲ့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကိုဝင်ခွင့်လျှောက်ထားမယ်ဆိုခဲ့ရင် အရည်အချင်း ငါးခု သတ်မှတ်ထားပါတယ်။ (က)တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ အောင်မြင်ရမည်၊ (ခ)လျှောက်ထားသောနှစ်တွင် အသက်(၂၀)နှစ်ထက်မကျော်ရ၊ (ဂ)ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါချို့ယွင်းမှုမရှိစေရ၊ (ဃ)အကျင့်စာရိတ္တကောင်းမွန်ရမည်၊ (င)အနုပညာဝါသနာပါသူဖြစ်ရမည်ဆိုတဲ့ အချက်များဖြစ်ပါတယ်။

သားသား၊ မီးမီးတို့အားလုံး "အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်"နဲ့ ပတ်သက်တဲ့သတင်းအချက်အလက်များကို အတော်အသင့်သိသွားပြီလို့ ယူဆပါတယ်။ ဒီတက္ကသိုလ်က သားသား၊ မီးမီးတို့ကို ပါရမီရှင်အဖြစ်ကတစ်ဆင့် ပညာရှင်အဖြစ် ရောက်ရှိသွားနိုင်အောင် စနစ်တကျ မြေတောင်မြှောက်ပေးလိုက်မှာဖြစ်ပါတယ်။ ကျွမ်းကျင်တဲ့ဆရာ၊ ဆရာမပေါင်း များစွာက အသိပညာ၊ အတတ်ပညာနဲ့ အနုပညာတွေကို အစွမ်းကုန် သင်ကြားပို့ချပေးမှာဖြစ်ပါတယ်။ တက္ကသိုလ်ဆိုတဲ့ သဘောသဘာဝနဲ့အညီ ဘဝတစ်လျှောက်လုံးအတွက် တွေးခေါ်ကြံဆတတ်မှုများကိုလည်း ဘွဲ့ရတာနဲ့တစ်ပါတည်းပါသွားနိုင်ဖို့ စီမံသင်ကြားပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် အနုပညာဝါသနာပါတဲ့ ၁၀ တန်းအောင် သားသား၊ မီးမီးတို့ကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များက အသင့်စောင့်ကြိုလျက်ရှိပါကြောင်း သတင်းစကားပါးလိုက်ရပါတယ်။ ။

မြို့နယ်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍ ဗိုလ်လုပွဲအဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ်အသင်းနှင့် သန်လျင်မြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆုများကို ပေးအပ်ချီးမြှင့်ရာ တတိယဆုရ တောင်ဥက္ကလာပမြို့နယ်အသင်း၊ ဒုတိယဆုရ သန်လျင်မြို့နယ်အသင်းနှင့် ပထမဆုရ မင်္ဂလာတောင်ညွန့်မြို့နယ် အသင်းတို့အား တိုင်းဒေသကြီး ဝန်ကြီးများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသော အသင်းများအား တံခွန်စိုက်ဆုဖလားများ ချီးမြှင့်သည်။

ထို့မှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းကျန်းမာရေး စံပြဆုရ ကျောင်းများ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ကျောင်းကျန်းမာရေး စံပြဆုရကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ခရိုင်ပညာရေးမှူးများအား ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောင်းကျန်းမာရေး ပြခန်း၌ ပြသထားသည့် ကျောင်းကျန်းမာရေး လှုပ်ရှားမှုမှတ်တမ်းများနှင့် ကျောင်းဆေးခန်းတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ကျောင်းကျန်းမာရေးစံပြဆုရကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ခရိုင်ပညာရေးမှူးများအား ဆုများ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှု အမှတ်(၄/၂၀၁၁) ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးသည် ရွေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှုအမှတ်(၄/၂၀၁၁)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ရုံးထိုင်ကြားနာ စစ်ဆေးသည်။ (သတင်းစဉ်)

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၀

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိကြရာ ဩဂုတ် ၁၀ ရက်တွင် ဒေါက်တာစိုးလင်း အပါအဝင် ပုဂ္ဂိုလ် ၁၇ ဦးက ဒီမိုကရက်တစ် မဟာမိတ်ပါတီ(Democratic Alliance Party)ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့် ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားသည်။ (သတင်းစဉ်)

မိုးရာသီ လမ်း/တံတား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရေး ဒုတိယဝန်ကြီး မှာကြား

နေပြည်တော် ဩဂုတ် ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဩဂုတ် ၆ ရက် ညပိုင်းတွင် ကရင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ခံအင်ဂျင်နီယာများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်အင်ဂျင်နီယာမှူးကြီး၊ လမ်းအထူးအဖွဲ့(၉)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ခံအင်ဂျင်နီယာများက ပြည်နယ်အတွင်းဆောင်ရွက်ထားရှိသော လမ်း/တံတားလုပ်ငန်းများ အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ သဘာဝဘေးဒဏ်ကြောင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်သော လမ်း/တံတားတို့၏ အခြေအနေများ၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ စက်၊ ယာဉ်၊ ယန္တရားများ အခြေအနေနှင့် ဘဏ္ဍာရေးသုံးစွဲမှုဆိုင်ရာ ကိစ္စရပ်များတင်ပြကြပြီး ဒုတိယဝန်ကြီးက မိုးရာသီလမ်း/တံတားများ ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ဘဏ္ဍာငွေသုံးစွဲရာတွင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျမှန်ကန်ရေး၊ စက်၊ ယာဉ်၊ ယန္တရား၊ ကျောက်၊ ကတ္တရာနှင့် လုပ်ငန်းသုံးပစ္စည်းများ ပြည့်စုံကောင်းမွန်ရေး၊ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်း၍ လုံခြုံမှုရှိစေရေးတို့ကို မှာကြားခဲ့သည်။

(သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ကရင်ပြည်နယ် ခရိုင်နှင့် မြို့နယ်များမှ တာဝန်ခံ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

လှူဒါန်း

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်တင်အောင် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ကိုးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

သီပွံနည်းကျပေါင်းစနစ် စိုက်နည်းပညာ ခရမ်းမြို့၌ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် မျိုးပြောင်းလဲရေး၊ တစ်ဧကမျိုးစေ့နှုန်းလျှော့ချရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအား သိသာစွာ အထောက်အကူပြုသည့် သီပွံနည်းကျစိုက်ပျိုးနည်းစနစ် ၁၄ ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အပျိုကြီးတဲစုကျေးရွာ လယ်သူမကြီး ဒေါ်မူမူချို၏ ကွင်းအမှတ်(၇၈၈-အီး)၊ ဦးပိုင် ၃၂/(၆) ဧက၌ တောင်သူများနှင့် ရန်ကုန်တောင်ပိုင်းခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ၊ ခရမ်းမြို့နယ် မန်နေဂျာနှင့် ဝန်ထမ်းများပူးပေါင်း၍ ပျိုးပေါင်များ လက်တွေ့ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)** (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀	၂။	FIFA U-20 WORLD CUP 2011 COLUMBIA ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရှုံး/ထွက်ပွဲစဉ်) (ဘရာဇီးအသင်းနှင့် ဆော်ဒီအာရေးဗီးယားအသင်း)
	၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၃၀	၄။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၄၀	၅။	အတီးပြိုင်ပွဲ
၄း၅၀	၆။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၀၅	၇။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀	၈။	တေးဂီတအစီအစဉ်
၅း၂၀	၉။	"မိုးလရာသီရောက်ခဲ့ပြီ မြေဆီစိုခိုက် သစ်ပင်စိုက်"
၅း၃၀	၁၀။	ရောင်စုံရေးသီတေးပန်းချီ
၅း၄၅	၁၁။	သီပွံနှင့် သဘာဝပတ်ဝန်းကျင်
၆း၀၀	၁၂။	ညနေခင်းသတင်း
၆း၁၅	၁၃။	မိုးလေဝသအခြေအနေ
၆း၂၀	၁၄။	**ပျော်ရွှင်စေသော နေ့ရက်များ "အချစ်ကော်ဖီ" (အပိုင်း-၆၂)**
၆း၀၀	၁၅။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကြံ့ကြံ့ဖန်ဖန်အမွေဆိုင်" (အပိုင်း-၁၇)**
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**"အစာလည်းဆေး ဆေးလည်းအစာ"**
	၂၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး" (အပိုင်း-၂၁)**
	၂၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၈၄)**
	၂၃။	အစီအစဉ်ပြီး၏။

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ရန်ကုန်လေဆိပ် ခရီးသည်ဝင်ထွက်မှု ပိုမိုများပြားလာ ဝန်ဆောင်မှုကောင်းရေး ပြည်ထောင်စုဝန်ကြီး မှာကြား

နေပြည်တော် ဩဂုတ် ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဩဂုတ် ၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ တာဝန်ရှိသူတို့က လေဆိပ်တိုးချဲ့ရန်နေရာများ၊ ပြည်တွင်း ပြည်ပခရီးသည် တစ်နှစ်လျှင် ၂ ဒသမ ၇ သန်း ကိုင်တွယ်နိုင်ခဲ့ရာမှ ခရီးသည် ၃ ဒသမ ၈ သန်းအထိ ဝင်ရောက်လာလျှင် ဆောင်ရွက်မည့် စီမံထားရှိမှုများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့တည်ဆောက်ရေးတွင် Services and Facilities ဖြည့်ဆည်းဆောင်ရွက်မည့် အစီအစဉ်များ၊ ခရီးသည်များ ကြန့်ကြာမှုမရှိစေရန် လူဝင်မှုကြီးကြပ်ရေးကောင်တာနှင့် အကောက်ခွန် ဦးစီးဌာနတို့က ပြုပြင်ပြောင်းလဲဆောင်ရွက်ထားမှုများ၊ လေယာဉ်ဆီဖြည့်တင်းရန် Ground Pipe Point များအား စတင်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် လေကြောင်းကုန်စည်တင်ပို့မှု ပိုမိုတိုးတက်လာရန် ဆောင်ရွက်မှုများ စသည်တို့ကို ရှင်းလင်းတင်ပြကြသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ယခင်နှစ်မှစတင်၍ ခရီးသည်ဝင်ထွက်မှု တိုးတက်ခဲ့ရာ ၂၀၁၁ ခုနှစ် ပထမလေးလတာကာလ၌ နိုင်ငံတကာ လေကြောင်းလိုင်းများမှ ခရီးသည် ၅ ဒသမ ၁ သိန်း ရှိခဲ့သဖြင့် ယခင်နှစ်ထက် ၂၁ ဒသမ ၆၅ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ပြီး ပြည်တွင်းခရီးသည်မှာလည်း ၃ ဒသမ ၆ သိန်း အထိရှိခဲ့ကာ ယခင်နှစ် လေးလတာကာလထက် ၂၃ ဒသမ ၄၇ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ကြောင်း၊ ယခင်နှစ်တွင် ပြည်တွင်း ပြည်ပခရီးသည် နှစ်သန်းခန့် ဝင်ထွက်ခဲ့ရာ ယခုနှစ်တွင် ပိုမိုဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ခရီးသည် ဝင်/ထွက်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသဖြင့် မိမိတို့လေဆိပ်သည် အခြားလေဆိပ်များကဲ့သို့ ဝန်ဆောင်မှုကောင်းရေးနှင့် ဧည့်ခရီးသည်များ ပိုမိုဝင်ရောက်လာနိုင်ရေးအတွက် ဌာနပေါင်းစုံမှ ဝန်ထမ်းများတွင် တာဝန်ရှိကြောင်း၊ ခရီးသည်များ လေဆိပ်သို့ ဆိုက်ရောက်လာချိန်မှ ပြည်လည်ထွက်ခွာသည့် အချိန်အထိ စိတ်ချမ်းမြေ့စေရေး ပိုမိုကြိုးစား လုပ်ဆောင်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ပြည်ပထွက်ခွာခန်းမနှင့် ဆိုက်ရောက်ခန်းမသို့ ရောက်ရှိပြီး ဆိုက်ရောက်ခရီးသည်များ၊ လူဝင်မှုကြီးကြပ်ရေးကောင်တာတွင် နိုင်ငံကူးလက်မှတ်စစ်ဆေးခံမှု၊ အချိန်ကြန့်ကြာခြင်းမရှိစေရန် လေဆိပ်လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းစဉ်များ လျှော့ချခြင်း၊ ယခင်ထက် ဝန်ထမ်းများ နှစ်ဆထားရှိခြင်း၊ကောင်တာများ၏ ဖွဲ့စည်းပုံ၊ Layout Plan များ ပြင်ဆင်ထားရှိခြင်းတို့ကြောင့် ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မှု၊ ဆိုက်ရောက်ခရီးသည်များ၏ ပစ္စည်းများအား ကြန့်ကြာမှုမရှိစေဘဲ စစ်ဆေးနိုင်ရန် နောက်ဆုံးထွက်ခွာသည့် Custom Counter တွင် X-Ray စက်အသစ်များ ထပ်မံဖြည့်တင်းမည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လေကြောင်းပညာသိပ္ပံသို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဦးသန်းမင်းက ကမ္ဘာ့လေကြောင်းအဖွဲ့ချုပ် ရန်ပုံငွေဖြင့် လေကြောင်းပညာသိပ္ပံ သင်တန်းများ ၁၉၉၁ ခုနှစ်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ လေကြောင်းဆိုင်ရာကဏ္ဍနှင့် ပတ်သက်သော သင်တန်းများဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လေယာဉ်မှူးကြီး လိုင်စင်သင်တန်း၊ မြို့ပြလေကြောင်း လေယာဉ်မှူးလိုင်စင်သင်တန်း၊ လေကြောင်း ဆက်သွယ်ရေး၊ လေကြောင်း ဘေးအန္တရာယ် ကင်းဝေးစေရေး၊ လေကြောင်း လုံခြုံရေးတို့နှင့် ပတ်သက်သော သင်တန်းများကို လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မျိုးဆက်သစ် လူငယ်များအား မွေးထုတ်ပေးလျက်ရှိကြောင်းနှင့် ၂၀၁၁ ခုနှစ်အတွင်း သင်တန်းအမျိုးအစား ၁၃ ခုမှ သင်တန်း ၅၅ ခုအား ဖွင့်လှစ်သင်ကြားရန် စီမံဆောင်ရွက်ထားကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျွမ်းကျင်လေကြောင်း အီလက်ထရွန်နစ် ပညာရှင်များ၊ လေကြောင်းဆက်သွယ်ရေး ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် တည်ဆောက်ဆဲဖြစ်သော 3D Flight Simulator စီမံကိန်းရုံးသို့ ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးက 3D Flight Simulator Building တည်ဆောက်မည့်လုပ်ငန်း အခြေအနေကို ရှင်းလင်းတင်ပြသည်။ 3D Flight Simulator စက်နှင့် ဆက်စပ်ပစ္စည်းများမှာ ဝယ်ယူထားပြီးဖြစ်ကြောင်း၊ ယင်း Simulator Building တည်ဆောက်ရေးအတွက် ဂျပန်နိုင်ငံ အိုဆာကာ AVATION SAFETY COLLEGE တွင် လေကြောင်း ထိန်းသိမ်းရေးဆိုင်ရာ လက်တွေ့သင်တန်းကျောင်းသို့ သွားရောက်လေ့လာပြီး ၎င်းနှင့်ပုံစံတူ အဆောက်အအုံတည်ဆောက်နေခြင်း ဖြစ်ကြောင်း သိရသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးက ၎င်းကျောင်းတွင် ပို့ချသည့် သင်တန်းအမျိုးအစား ၁၃ ခုအနက် အဆင့်မြင့်ဆုံး သင်တန်းများဖြစ်သည့် လေယာဉ်မှူးကြီး လိုင်စင်သင်တန်း (Airline Transport Pilot's License - ATPL)တွင် ၂၄၀၊ လေယာဉ်မှူး လိုင်စင်သင်တန်း (Commercial Pilot's License - CPL) တွင် ၁၇၉ ဦးတို့အား သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းကျောင်းဆင်းလေယာဉ်မှူးများအနက် ပြည်တွင်းလေကြောင်းလိုင်းများတွင် ၁၂၅ ဦး၊ ပြည်ပလေကြောင်းလိုင်းများတွင် ၃၀ တာဝန် ထမ်းဆောင်နေသည့်အတွက် ဂုဏ်ယူရမည်ဖြစ်ကြောင်း၊ နောင်တွင် စာတွေ့သာမက လေယာဉ်ဖြင့် လက်တွေ့ ပျံသန်းသင်ကြားနိုင်ရေး စီမံဆောင်ရွက်သွားရန် လိုအပ်သည်ဟု မှာကြားခဲ့သည်။

(သတင်းစဉ်)

❍ ကျောဖုံးမှ

ယခင်က ဘဏ္ဍာနှစ်တစ်နှစ်လျှင် သုံးပွဲ ကျင်းပခဲ့ကြောင်း၊ ယခုနှစ်မှစ၍ ပြပွဲကြီးများအကြားတွင် အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲ နှစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ တက်ရောက်၍ နိုင်ငံခြားငွေဖြင့် ဝယ်ယူနိုင်သည့် ပြပွဲများ ပြုလုပ်သကဲ့သို့ ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များသာ တက်ရောက်၍ ကျပ်ငွေဖြင့် ဝယ်ယူနိုင်မည့် ယခုလိုပြပွဲမျိုးကို ကျင်းပသွားရန် စီစဉ်ထားရှိကြောင်း၊ အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြီးပြည့်စုံအောင်မြင်စွာ ကျင်းပနိုင်အောင် ကြိုတင်စီစဉ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

(သတင်းစဉ်)

ချက်ချင်းနှုတ် ချက်ချင်းစိုက်

ပျဉ်းမနား ဩဂုတ် ၁၀

၂၀၁၁ ခုနှစ် မိုးစပါးဧက အပြည့်အဝစိုက်ပျိုးရေးနှင့် တစ်ဧကတင်း ၁၀၀ အထက် ထွက်ရှိရေးအတွက် တောင်သူများအား သိပ္ပံနည်းကျ ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်ပြီး ချက်ချင်းနှုတ် ချက်ချင်းစိုက်စနစ်များ ကျယ်ပြန့်စွာ အသုံးပြုလာစေရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၈ ရက် နံနက် ၈ နာရီက ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာ တောင်သူဦးတင်ထွန်း၏ လယ်နှစ်ဧကတွင် ပေါင်စနစ်ဖြင့် ပျိုးထောင်ထားသည့် သုခမွှေးစပါးမျိုး ပျိုးပင်များဖြင့် ချက်ချင်းနှုတ် ချက်ချင်းစိုက်ပျိုးနေမှုကို **(အပေါ်ပုံ)** မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်၊ စိုက်ပျိုးရေး မြို့နယ်မန်နေဂျာ ဒေါ်အေးအေးမြင့်၊ နတ်သူရဲအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိန်ဝင်းနှင့် တောင်သူများ လေ့လာကြည့်ရှုခဲ့သည်။ (၅၈၆)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေး အစီအစဉ်အရ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်၊ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ညောင်တုန်းမြို့နယ် ပါလှဲ့ကျေးရွာအုပ်စုမှ တစ်ဧကအောက် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးကန်အစု အဖွဲ့ဝင်များ၏ ငါးကန်များအတွင်း ငါးမျိုးစိုက်ထည့်ပေးကြစဉ်။ (၁၆၁)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ညောင်ကုန်း - တည်ကြီးကုန်းလမ်း မြေနီခင်းဆောင်ရွက်နေမှုကို ဇူလိုင် ၂၃ ရက်က အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမြတ်စိုးနှင့် အင်ဂျင်နီယာမှူး ဦးအာကာမြတ်သူတို့ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၈-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

၆း၃၀ MRTV-4 သတင်း
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၂)**
၇း၃၀ FIFA U-20 WORLD CUP COLOMBIA 2011 (France Vs Ecuador) (LIVE)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၃၄)**
၁၀း၂၅ MRTV-4 7th Anniversary Live Show (Day-2)(Part-4)
၁၀း၅၅ Activities In The City -မင်းကွန်းဓမ္မသာရ ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းလှူဒါန်းပွဲ -မိုးကုတ်ဝိပဿနာ အမျိုးသမီးယောဂီများ၏ သိက္ခာထပ်အလှူမင်္ဂလာ
၁၁း၂၅ ယဉ်ကျေးလိမ္မာတတ်သိစေတာ အောင်ပရဟိတမှာ
၁၁း၃၅ Activities In The City (VIVA BOARD ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ အခမ်းအနား)
၁၁း၅၀ "သဘင့်အစွမ်း၊ မိုးဆန်းပန်း" (ဇာတ်သဘင်အဖွဲ့ စာနယ်ဇင်းမိတ်ဆက်ပွဲ)
၁၂း၀၅ ရန်ကုန်မြင်ကွင်းကျယ် (SONY Car Audio 2011 New Products Launch)
၁၂း၂၅ ဝိနည်းတော်နှင့်ညီသည့် သင်္ကန်းဟူသည်
၁း၀၀ "ခွဲခြမ်းစိတ်ဖြာ သမထဝိပဿနာ" တရားတော် (ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်း ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၂း၅၅ Activities In The City (ခေတ်ဦးစတီရီယို အနုပညာရှင်များရဲ့ စာနယ်ဇင်းရှင်းလင်းပွဲ)
၃း၀၅ MBE ၏ မူလတန်းကျောင်း ဆောက်လုပ်လှူဒါန်းပွဲ
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၂)**
၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၃၄)**
၅း၀၀ The Champion of Dance
၅း၄၅ သန့်ရှင်းကျန်းမာ တစ်ရှူးကမ္ဘာ
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၃)**
၇း၀၅ MRTV-4 7th Anniversary Live Show (Day-2)(Part-5)
၇း၄၀ အနုပညာမိုးကောင်းကင်
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (အိမ်ထောင်စောစောပြုတာ ကောင်းတယ်၊ အိမ်ထောင်စောစောမပြုတာ ကောင်းတယ်)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၃၅)**
၁၀း၂၀ Style ရှိမှ Star ဖြစ်မယ်
၁၁း၂၅ FIFA U-20 WORLD CUP COLOMBIA 2011 (Spain Vs Korea Republic) (DELAY)
၁း၁၅ ဂီတသံစဉ်အလှဆင် (တင့်တင့်ထွန်း)
၁း၃၀ အာဟာရနှင့်ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်စိန်)
၂း၀၀ FIFA U-20 WORLD CUP COLOMBIA 2011 (Brazil Vs Saudi Arabia) (DELAY)
၃း၅၀ ရွှေလာငွေလာ သုံးရောင်ခြယ်မာလကာ
၄း၁၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (ပင်လယ်ရေမှော် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း)
၄း၃၅ အားကိုးအားထား (ဖိုးသောကြာ၊ မိုးဒီ၊ ဦးနိုင်တင်၊ ဒေါ်တင်တင်လှ) (ဒါရိုက်တာ-ကောင်းမြတ်)
၄း၅၀ မွန်တို့မြေမှ ရှေးဟောင်း အမွေအနှစ်တို့တည်ရှိရာ
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သူများဖြစ်အောင် ကြိုးစား ကျန်းမာရေး အလေ့အကျင့်ကောင်းများဖြင့် နေ့စဉ် ပြုမူနေထိုင်

နေပြည်တော် ဩဂုတ် ၁၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းကျန်းမာရေးဆိုင်ရာ လုပ်ငန်းစဉ်များဖြစ်သော ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျောင်းကျန်းမာရေးဆောင်ရွက်ချက်နှင့် ကုသရေး၊ ကူးစက်ရောဂါကာကွယ်ရေး၊ ကျောင်းကျန်းမာရေး ပညာပေးရေး၊ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ကျောင်းကျန်းမာရေး အသိပညာပေးပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး ကလေးများအား သန်ချဆေးတိုက်ကျွေးကာ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သူများဖြစ်အောင် ကြိုးစားကြရန်၊ ကျန်းမာရေးအလေ့အကျင့်ကောင်းများဖြင့် နေ့စဉ်ပြုမူနေထိုင်ကြရန်၊ အင်အားဖြစ်စေသော၊ ခန္ဓာကိုယ်ဖွံ့ဖြိုးစေသော၊ ရောဂါကာကွယ်စေသော အစားအစာများကို မျှတစွာစားသုံးကြရန်၊ တစ်ကိုယ်ရေ သန့်ရှင်းရေးကို အမြဲမပြတ် ဆောင်ရွက်ကြရန်နှင့် မိမိကိုယ်တိုင်သိရှိပြီးသော ကျန်းမာရေးဗဟုသုတများ ပြန့်ပွားအောင် လက်ဆင့်ကမ်း ဖြန့်ဝေပေးရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျန်းမာရေးအသိပညာပေးဟောပြောမှုနှင့် အာဟာရကျွေးမွေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသော ကျန်းမာရေးဝန်ထမ်းများနှင့် အာဟာရကျွေးမွေးသည့် အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။

ထို့အတူ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်တို့သည် နေပြည်တော် လယ်ဝေးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေး အသိပညာပေးပြခန်း ခင်းကျင်းပြသထားမှုနှင့် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ **(ယာပုံ)** (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း တောင်ငူမြို့ ရွှေဂူကြီးဘုရားရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစဉ်။

(သတင်းစဉ်)

တောင်ငူမြို့ ရေဘေးသင့်ပြည်သူများအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တွေ့ဆုံအားပေး

ရန်ကုန် ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဩဂုတ် ၈ ရက် မွန်းလွဲပိုင်းတွင် တောင်ငူမြို့ မိုးကောင်းချောင်းမရှင်စောဘုရားဝင်းအတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးသည်။

ယင်းနောက် တောင်ငူခရိုင် အုပ်ချုပ်ရေးမှူးက စစ်တောင်းမြစ်ရေလျှံမှု၊ ရေဘေးသင့်ပြည်သူများအား စားနပ်ရိက္ခာနှင့် အဝတ်အထည်များ ပံ့ပိုးကူညီမှု၊ ကျန်းမာရေး စောင့်ရှောက်မှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စားနပ်ရိက္ခာများ လုံလုံလောက်လောက်ဝေငှပေးရန်၊ ကျန်းမာရေးအတွက် အထူးဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ရွှေဂူကြီးဘုရားရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးပြီး ယိုးဒယားပေါက် (ကျောက်တံတား)ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ကွန်းသာယာရပ်ကွက် ရွှေနံ့သာ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားကာ ရန်ကုန်-မန္တလေး ကားလမ်း ရေကျော်နေသည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများကို လိုက်လံကြည့်ရှု၍ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အားပေးစကား ပြောကြားခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွား ရေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ နေရာချထားပေးပြီး လိုအပ်သည်များ ကူညီထောက်ပံ့ပေးကာ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၀

နိုင်ငံတစ်ဝန်း ဩဂုတ် ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေဘေးသင့်အိမ်ထောင်စုများအား စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများ၌ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက ထမင်းထုပ်များ၊ဆန်၊ ဆီနှင့် ထောက်ပံ့ငွေများ၊ သောက်သုံးရေများ ထောက်ပံ့ပေးထားပြီး ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဥက္ကံမြို့၌ ဩဂုတ် ၈ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဥက္ကံမြို့ပေါ်ရှိ သစ်သားတံတားနှစ်စင်း၊ ခရိုင်ချင်းဆက်လမ်းပေါ်ရှိ သစ်သားတံတားတစ်စင်းတို့ ပျက်စီးခဲ့ကြောင်း၊ တိုက်ကြီးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်သားတံတားနှစ်စင်း ကျိုးပဲ့ပျက်စီးခဲ့ပြီး အိမ်ထောင်စု ၁၇၆ စုအား ယာယီကယ်ဆယ်ရေးစခန်း ခုနစ်ခုတွင် နေရာချထားပေးကြောင်း သိရသည်။

ရခိုင်ပြည်နယ် သံတွဲမြို့၌ ဩဂုတ် ၇ ရက်နှင့် ၈ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သံတွဲမြို့ကမ်းနားပိုင်းရှိ အမှတ်(၁)၊ (၂)၊ (၄)၊ (၆)ရပ်ကွက်တို့နှင့် မြို့တွင်း မာဃလမ်းတို့တွင် ရေနစ်မြုပ်ခဲ့ပြီး အိမ်ခြေ ၆၀ ခန့်အား ကယ်ဆယ်ရေးစခန်းများ၌ နေရာချထားပေးခဲ့ကြောင်း၊ တောင်ကုတ်မြို့၌ ဩဂုတ် ၉ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကုတ်-သံတွဲကားလမ်း မိုင်တိုင်(၁၇/၂)ရှိ သစ်သားတံတားတစ်စင်း ပျက်စီးသွားကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ ဩဂုတ် ၇ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တမူးမြို့ပေါ်ရှိ ဈေးတန်းရပ်ကွက်နှင့် စော်ဘွားအင်းရပ်ကွက်တို့၌ ရေနှစ်ပေခန့် ဝင်ရောက်ခဲ့ပြီး အိမ်ခြေ ၅၀၀ ကျော် ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကာ ထမင်းထုပ်၊ သောက်သုံးရေများ ထောက်ပံ့ပေးထားကြောင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာနက ဈေးတန်းရပ်ကွက်(၄)ရှိ မြို့နယ်ကြက်ခြေနီရုံးတွင် ဆေးခန်းဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရှိရသည်။

အလားတူ ဖောင်းပြင်မြို့၌ ဩဂုတ် ၈ ရက်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ဗိုလ်ချုပ်လမ်း ဆိပ်မြောင်ကူး ကွန်ကရစ်တံတား၏ မြေကာနံရံပြိုကျပျက်စီးခဲ့ကြောင်း၊ ကလေးမြို့နယ် ပျဉ်းတောဦးကျေးရွာအုပ်စု ညောင်တုန်းကျေးရွာနှင့် မင်းလှကျေးရွာအကြား နတ်တံခါးချောင်းကူး သစ်သားတံတား ရေတိုက်စား၍ ပျက်စီးသွားပြီး ကျောင်းတိုက်နှင့် ဆည်တော်ဦးရွာအကြား ကိုယ့်အားကိုယ်ကိုး သစ်သားတံတား၏ ကမ်းကပ်ကျောက်ခုံ ပျက်စီးသွားခဲ့ကြောင်း၊ ကလေးမြို့၌ ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် အမှတ်(၂)ရပ်ကွက်နှင့် အောင်စံပယ်ရပ်ကွက်တို့ရှိ အိမ်ထောင်စု ၂၈ စု၊ လူဦးရေ ၉၈ ဦးတို့အား ယာယီကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း၊ ထို့အတူ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အောင်မြေမာန်ရပ်ကွက်ရှိ အောင်မင်္ဂလာဇာတ်ရုံ၌ အိမ်ထောင်စု ၉၇ စု၊ လူဦးရေ ၄၂၇ ဦးတို့အား ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး ဆန်အိတ်များ ထောက်ပံ့ပေးထားကြောင်း။

ကလေးဝမြို့၌ ဩဂုတ် ၈ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကလေးဝ-ကလေးကားလမ်း မိုင်တိုင်အမှတ်(၁/၃)နှင့် (၁/၄)အကြား၊ (၂/၆)နှင့် (၂/၇)တို့အကြား တောင်ပြိုကျကာ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ပြီး ချင်းတွင်းမြစ်ရေကြီးမှုကြောင့် ကလေးဝမြို့ ဗိုလ်ချုပ်လမ်းပေါ်၌ ရေကျော်လျက်ရှိကြောင်း၊ မင်းကင်းမြို့၌ ဩဂုတ် ၉ ရက်တွင် ချင်းတွင်းမြစ်ရေ မြင့်တက်မှုကြောင့် အမှတ်(၃)ရပ်ကွက်ရှိ အိမ်ထောင်စုနှစ်စုအား ယာယီကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရှိရသည်။

ချင်းပြည်နယ် တီးတိန်မြို့နယ် တီးတိန်-မွာလ်ဘင်းလမ်းပေါ်ရှိ သစ်သားခင်းသံပေါင်ဘေလီတံတား ချောင်းရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးသွားကြောင်း၊ ထို့အပြင် တီးတိန်-တွန်းဇံ ကားလမ်းရှိ တံတားတစ်စင်း နိမ့်ကျမှုဖြစ်ပွား၍ ယာဉ်သွားလာမှု ရပ်တန့်သွားခဲ့ကြောင်း၊ တီးတိန်-သိုင်းငင်းကားလမ်း နေရာအချို့တွင် မြေပြိုကျမှုကြောင့် ယာဉ်သွားလမ်းပိတ်ဆို့ ပြတ်တောက်သွားကြောင်း၊ ထို့အတူ ထပ်လှိုးရွာ-ထန်ဇန်ရွာသွား မြေသားလမ်းရှိ ထန်ဇန်သစ်သားတံတားနှင့် ထန်ခွဲ့ရွာ-တိန်းဇန်ရွာသွား မြေသားလမ်းရှိ ဟန်သိုင်းလွီချောင်းကူး သစ်သားတံတားတို့သည် ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားခဲ့ကြောင်း သိရှိရသည်။

ပျက်စီးသွားသော လမ်း၊ တံတားများအား သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်အိမ်ထောင်စုများအား တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက စားသောက်နေထိုင်ရေးအတွက် လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးထားပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး၌ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွား ရေဘေးသင့်အိမ်ထောင်စုများအား လိုအပ်သည်များ ကူညီထောက်ပံ့ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီးအတွင်း ဩဂုတ် ၆ ရက်၊ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေဘေးသင့်အိမ်ထောင်စုများအား စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများ၌ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက ထမင်းထုပ်များ၊ ဆန်၊ ဆီနှင့် ထောက်ပံ့ငွေများ၊ သောက်သုံးရေများ ထောက်ပံ့ပေးလျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ပဲခူးမြို့၌ ဩဂုတ် ၉ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် အိမ်ထောင်စု ၁၅၀၆ စု၊ လူဦးရေ ၆၉၂၄ တို့အား ကယ်ဆယ်ရေးစခန်း ၁၈ ခု ဖွင့်လှစ်၍ ရွှေ့ပြောင်းနေရာချထားပေးခဲ့ကြောင်း။

ရွှေကျင်မြို့၌ ဩဂုတ် ၉ ရက်တွင် ရွှေကျင်မြစ်ရေကြီးမှုကြောင့် ပျဉ်းမပင် (ကမ်းနားပိုင်း)၊ မန်ကျည်းတန်း (ကမ်းနားပိုင်း)၊ ပွဲကုန်း(ဇီးတော/ငွေဇလာယံ)၊ ညောင်နိုင်း - တရုတ်တန်းရပ်ကွက်၊ ဂန့်ဂေါ်ပိုင်းရပ်ကွက် အနိမ့်ပိုင်းနှင့် ပန်းပဲတန်းရပ်ကွက် အနိမ့်ပိုင်းတို့၌ ရေဝင်နစ်မြုပ်လျက်ရှိပြီး ရွှေကျင်-မဒေါက်ကားလမ်း ပေ ၂၀၀ ခန့် ရေကျော်လျက်ရှိရာ ယာဉ်ငယ်များသာ ဖြတ်သန်းသွားလာနိုင်ကြောင်း၊ မြစ်ရေကြီးမှုကြောင့် မြို့ပေါ်ရပ်ကွက်များမှ အိမ်ခြေ ၁၆၉ အိမ်၊ လူဦးရေ ၈၉၀ တို့အား ကယ်ဆယ်ရေးစခန်း ခြောက်ခုဖွင့်လှစ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထန်းတပင်မြို့၌ ဩဂုတ် ၈ ရက်တွင် စစ်တောင်းမြစ်ရေ မြင့်တက်မှုကြောင့် ရပ်ကွက်နှစ်ခုနှင့် ကျေးရွာ ကိုးရွာတို့၌ ရေဝင်ရောက်သဖြင့် အခြေခံပညာမူလတန်းကျောင်း ၁၁ ကျောင်းတို့ကို ယာယီပိတ်ထားခဲ့ရပြီး ထန်းတပင်မြို့နယ် ချောင်းခြားရွာနှင့် နှစ်တန့်ကူးရွာအကြားရှိ ဘုမ္မတီးချောင်းကူးတံတားတိုင် နိမ့်ကျသွားခဲ့ကြောင်း။

ညောင်လေးပင်မြို့နယ် မဒေါက်မြို့မ (၂) တာပိုင်းရပ်ကွက်၌ ဩဂုတ် ၉ ရက်တွင် စစ်တောင်းမြစ်ရေ မြင့်တက်မှုကြောင့် အိမ်ထောင်စု ၁၇ စု၊ လူဦးရေ ၁၀၀ တို့အား ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အပြင် သာယာဝတီမြို့နယ်၌ ဩဂုတ် ၆ ရက်မှ ၈ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) မိုင်တိုင်အမှတ်(၅၃/၂) နှင့် (၅၃/၃)အကြားရှိ ဘိုကြီးကုန်းတံတားပြိုကျပျက်စီး၍ မိုင်တိုင်အမှတ် (၅၄/၀)နှင့် (၅၄/၁)အကြားရှိ သုံးဆယ်ချောင်းတံတား၏ သံပေါင်ရက်မ ပြတ်တောက်ပျက်စီးသွားကာ မိုင်တိုင်အမှတ် (၆၂/၂)ရှိ သဲဖြူချောင်းတံတား၏ ပင်မမြေကာနံရံတိုင်များ ပြတ်တောက်ပျက်စီးသွားကြောင်း၊ သာယာဝတီမြို့နယ် မရမ်းရွာ အခြေခံပညာမူလတန်းကျောင်း အမိုးပျက်စီးသွားပြီး ကျောင်းသား၊ ကျောင်းသူများအား ဘုန်းတော်ကြီးကျောင်း၌ ယာယီပညာသင်ကြားပေးလျက်ရှိကြောင်း။

အလားတူ သုံးဆယ်မြို့၌ ဩဂုတ် ၈ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိမ်ခြေ ၂၀၊ လူဦးရေ ၇၇ ဦးတို့အား ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ပျက်စီးသွားသောလမ်း၊ တံတားများအား ပြန်လည်ပြုပြင်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့် အိမ်ထောင်စုများအား တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက စားသောက်နေထိုင်ရေးအတွက် လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးထားပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

တောင်ငူမြို့၌ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ နေရာချထားပေး၊ ထမင်းထုပ်များ၊ ဆန်၊ ဆီနှင့် ထောက်ပံ့ငွေများ၊ သောက်သုံးရေများ ထောက်ပံ့ပေးထားပြီး ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၀

တောင်ငူမြို့၌ ဩဂုတ် ၉ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရပ်ကွက်အမှတ်(၇)၊ (၈)၊ (၉)၊ (၁၀)၊ (၂၁)နှင့် မိုးကောင်းရပ်ကွက်တို့၌ လည်းကောင်း၊ သဖန်းပင်ကျေးရွာနှင့် ရှမ်းစုကြီးကျေးရွာတို့၌ လည်းကောင်း နေအိမ်များ ရေဝင်၍ အိမ်ခြေ ၆၂၁ အိမ်၊ အိမ်ထောင်စု ၆၂၁ စုမှ လူဦးရေ ၃၁၂၂ ဦး တို့အား ကယ်ဆယ်ရေးစခန်း ၁၁ ခု၌ ရွှေ့ပြောင်းနေရာချထားပေးခဲ့ကြောင်း သိရှိရသည်။

ရေဘေးသင့် အိမ်ထောင်စုများအား စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ ဓမ္မာရုံများ၌ ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက ထမင်းထုပ်များ၊ ဆန်၊ ဆီနှင့် ထောက်ပံ့ငွေများ၊ သောက်သုံးရေများ ထောက်ပံ့ပေးလျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) မုံရွာဇုန်တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ ကလေးတက္ကသိုလ် အသင်းအား တံခွန်စိုက် ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မုံရွာဇုန် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်

နေပြည်တော် ဩဂုတ် ၁၀

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) မုံရွာဇုန် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများ၊ ပြိုင်ပွဲဝင်တက္ကသိုလ်အသီးသီးမှ တာဝန်ခံ ပါမောက္ခချုပ်များနှင့် အသင်းအုပ်ချုပ်သူများ တက်ရောက်အားပေးကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲတွင် မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ ရွှေဘိုတက္ကသိုလ်၊ စစ်ကိုင်းပညာရေး တက္ကသိုလ်နှင့် ကလေးတက္ကသိုလ် အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဗိုလ်လုပွဲစဉ်အဖြစ် ကလေးတက္ကသိုလ် အသင်းနှင့် မုံရွာစီးပွားရေးတက္ကသိုလ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကလေးတက္ကသိုလ် အသင်းက နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဒုတိယဆုရ မုံရွာစီးပွားရေး တက္ကသိုလ်အသင်းအား တစ်ဦးချင်းဆုများနှင့် ငွေသားဆုများ၊ ပထမဆုရ ကလေး တက္ကသိုလ်အသင်းအား တစ်ဦးချင်းဆုများနှင့် ငွေသားဆုကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

မုံရွာဇုန် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဗိုလ်စွဲသွားသောကလေးတက္ကသိုလ်အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို စစ်ကိုင်းတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ချီးမြှင့်သည်။ (သတင်းစဉ်)

ခြင်းလုံးခတ် အားကစားပြိုင်ပွဲအတွက် ဥပဒေရေးဆွဲရေးကော်မတီ ညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးခတ်အားကစားနည်း ထည့်သွင်းကျင်းပနိုင်ရေးအတွက် ခြင်းလုံးခတ်ပြိုင်ပွဲ ဥပဒေရေးဆွဲရေးကော်မတီ အဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူး SEA GAMES ခြင်းလုံးခတ်ပြိုင်ပွဲ ဥပဒေရေးဆွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲအောင်က ဥပဒေရေးဆွဲရေးနှင့် ပတ်သက်သည့် အချက်အလက်နှင့် ပြိုင်ပွဲအမျိုးအစားနှင့် စည်းကမ်းချက်များ၊ အမှတ်ပေးစနစ်များကိုလည်းကောင်း၊ SEA GAMES ခြင်းလုံးခတ်ပြိုင်ပွဲ ဥပဒေရေးဆွဲရေးကော်မတီ အတွင်းရေးမှူး ဦးသိန်းအေးက အစည်းအဝေး မှတ်တမ်းကို လည်းကောင်း၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အထူးအကြံပေး ဦးကျော်ဇောက ရေးဆွဲထားသော ဥပဒေများအတွက်အချောသပ်(မူကြမ်း)ကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အမျိုးသမီးခြင်းလုံးခတ် ပညာရှင်များဖြစ်ကြသော ဗိုကင်းပြုန် ဒေါ်သန်းသန်းဌေးနှင့် ဒေါ်ကျော့စိန် တို့က အမျိုးသမီးခြင်းလုံးခတ်ပြိုင်ပွဲ ကဏ္ဍများကို အကြံပြုဆွေးနွေးတင်ပြကြသည်။

၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အမျိုးသားခြင်းလုံးခတ် ပြိုင်ပွဲ၌ ပြိုင်ပွဲအမျိုးအစား ၁၀ မျိုးနှင့် အမျိုးသမီးခြင်းလုံးခတ်ပြိုင်ပွဲ၌ ငါးမျိုး စုစုပေါင်းပြိုင်ပွဲ ၁၅ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အိုဘာတန်ကို ငါးနှစ်စာချုပ်ဖြင့် နယူးကာဆယ်ခေါ်ယူမည်

လန်ဒန် ဩဂုတ် ၁၀

နယူးကာဆယ်အသင်းသည် မန်ယူအသင်းမှ တောင်ပံကစားသမား အိုဘာတန်ကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

အသက် (၂၂)နှစ်ရှိ အိုဘာတန်သည် ၂၀၀၉ ခုနှစ်က ဘော်ဒိုးအသင်းမှ အိုးထရက်ဖို့ဒ်သို့ ရောက်ရှိလာခဲ့သူဖြစ်သည်။ ၎င်းသည် မန်ယူအသင်းတွင် ၂၈ ပွဲ ပွဲထွက်ကစားခွင့်ရခဲ့ပြီး တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ ယခုနှစ်တွင် မန်ယူအသင်းသို့ အက်ရှ်လေယန်း ရောက်ရှိလာခြင်းကြောင့် အိုဘာတန်မှာ မန်ယူနှင့် လမ်းခွဲရန် အကြောင်းဖန်လာခဲ့ရသည်။

နယူးကာဆယ်အသင်း နည်းပြ အလန်ပါဂျူးက မိမိနှင့် ဖာဂူဆန်တို့ အိုဘာတန်ကိစ္စ သဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်း ပြောကြားသည်။ အိုဘာတန်ကမူ "အသင်းတစ်သင်းမှာ ကျွန်တော် ပွဲထွက်ခွင့် များများရချင်ပါတယ်။ ဒီထက်ကစားရရင် ဒီထက် အခွင့်အရေးတွေ ပိုရလာမှာပါ။ ဒါပေမယ့် မန်ယူမှာတော့ တကယ့်ကို ခက်ခဲခဲ့ပါတယ်" ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ အိုဘာတန်သည် စိန့်ဂျိမ်းစ်ပတ်ခ်တွင် ပြင်သစ်ကစားသမား အများအပြားနှင့် ဆုံတွေ့ရမည်ဖြစ်သည်။

ESPN

နယူးကာဆယ်နှင့် ငါးနှစ်စာချုပ်မည့် အိုဘာတန်။

ဟန်သစ်

ဘလက်ဘန်းအသင်း ပက်ထရိုဗစ်ကို ခေါ်ယူ

လန်ဒန် ဩဂုတ် ၁၀

ဘလက်ဘန်းအသင်းသည် ပါတီဇန် ဘဲဂရိတ်အသင်းမှ ဆားဘီးယား ကွင်းလယ်ကစားသမား ပက်ထရိုဗစ်ကို လေးနှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။

အရပ် ၆ ပေ၊ ၄ လက်မရှိ ပက်ထရိုဗစ်သည် အသက် (၂၂) နှစ်သာရှိသေးပြီး ကွင်းလယ်တွင် အထူးအားကိုးရသည့် ကစားသမားတစ်ဦး ဖြစ်သည်။ ဘလက်ဘန်းနည်းပြ စတိဗ်ကိန်းက "ဥရောပအသင်းတော်တော်များများက ထိပ်တန်းကစားသမားတွေကို ခေါ်ယူစာချုပ်ချင်ကြတယ်။ ပက်ထရိုဗစ်ဟာလည်း ထိပ်တန်းကစားသမားတစ်ဦးဆိုတာ ဘလက်ဘန်းမှာ မကြာခင် မြင်တွေ့ရတော့မှာပါ"ဟုပြောကြားသည်။ ပက်ထရိုဗစ်သည် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်ဖြစ်သည့် ဝုလ်ဗာဟမ်တန်အသင်းနှင့် ကစားရမည့် အိမ်ကွင်းပွဲစဉ်တွင် ဘလက်ဘန်းအသင်း၌ ပါဝင်ကစားမည်ဖြစ်သည်။

ESPN

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာစစ်တုရင်တစ်ဦးချင်းပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၁၀

၂၀၁၁ ခုနှစ် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာ စစ်တုရင် တစ်ဦးချင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်သို့ မြန်မာ့ရိုးရာ စစ်တုရင်ကော်မတီဥက္ကဋ္ဌ Future Engineering Group မှ MD ဦးဝင်းအောင်က ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းသည်။

ဖွင့်လှစ်

ထို့နောက် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌက မြန်မာ့ရိုးရာစစ်တုရင် ပြိုင်ပွဲအား ပထမဆုံးကစားကွက်ကို ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲကို ဩဂုတ် ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမား ၃၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကာ ပထမဆုအား ဆုဖလားနှင့် ငွေကျပ်နှစ်သိန်း၊ ဒုတိယဆုအား ငွေကျပ် တစ်သိန်း၊ ဆီမီးဖိုင်နယ်သို့ တက်ရောက်လာသူ နှစ်ဦးအား ငွေကျပ် ငါးသောင်းစီနှင့် ကွာတားဖိုင်နယ်သို့ တက်ရောက်လာသူ လေးဦးအား ငွေကျပ်နှစ်သောင်းငါးထောင်စီ ချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင် ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

အမှတ်(၂) နေပြည်တော်အားကစားကွင်း အုပ်စု (ကက)

ဆောက်လုပ်ရေးဝန်ကြီးဌာန - တစ်ဂိုး (ခိုင်မိုးဝေ)
ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန - တစ်ဂိုး (အောင်ချိုဦး)

ဒိုင်လူကြီး - ဦးသူရိန်စိုး (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

လယ်ဝေးအားကစားကွင်း အုပ်စု(ကက)

ပို့ဆောင်ရေးဝန်ကြီးဌာန - တစ်ဂိုး (ဝိုင်းချစ်ဦး)
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန - ဂိုးမရှိ

ဒိုင်လူကြီး - ဦးအောင်မျိုးသန့် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၁၁-၈-၂၀၁၁ ရက် ပွဲစဉ်များ

အမှတ်(၂) နေပြည်တော်အားကစားကွင်း အုပ်စု(ခခ)

ဟိုတယ်/ခရီး နှင့် လယ်ယာ/ဆည်မြောင်း

လယ်ဝေးအားကစားကွင်း အုပ်စု(ခခ)

သစ်တောရေးရာ နှင့် စီးပွား/ကူးသန်း

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာနအသင်းတို့အကြိတ်အနယ်။

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်ရေး တင်းနစ်အပြီးသတ်လူရွေး

ရန်ကုန် ဩဂုတ် ၁၀

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ တင်းနစ်ပြိုင်ပွဲတွင် မြန်မာတင်းနစ်အားကစားသမားများ အောင်မြင်မှုရရှိရေးအတွက် All meet Round Robin စနစ်ဖြင့် ကျင်းပသော တင်းနစ်အပြီးသတ်လူရွေးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

အမျိုးသားလူရွေးပြိုင်ပွဲတွင် (၃၀)နှစ်အောက်ပြိုင်ပွဲဝင် ၁၆ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ၎င်းတို့အနက် အဆင့်မီသည့် အားကစားသမား လေးဦးအား ရွေးချယ်ကာ ပဏာမလက်ရွေးစင် ဇင်ဘိုအပါအဝင် ငါးဦးတို့ 1st Round Robin နှင့် 2nd Round Robin ကစားကြပြီး အကောင်းဆုံး လက်စွမ်းပြသူ နှစ်ဦးနှင့် လက်ရှိမြန်မာ့လက်ရွေးစင် ဖြိုးမင်းသာနှင့် အောင်ကျော်နိုင်တို့ အပါအဝင် လေးဦးအား အပြီးသတ်ရွေးချယ်မည်ဖြစ်သည်။

အမျိုးသမီး လူရွေးပြိုင်ပွဲတွင် စခန်းသွင်း လေ့ကျင့်ပေးထားသော ပဏာမလက်ရွေးစင် နီလာဝင်း၊ စုဝေဖြိုး၊ သန္တာအောင်၊ ယဉ်သူဇာလွင်၊ ဇင်မာထွေးနှင့် ခိုင်ငြိမ်းသာတို့ ခြောက်ဦးသည် 1st Round Robin နှင့် 2nd Round Robin ကစားကြပြီး အကောင်းဆုံး လက်စွမ်းပြသူလေးဦးအား အပြီးသတ်ရွေးချယ်ကာ စခန်းသွင်း၍ ဆက်လက်လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အဆင့်နိမ့် ကျောက်စိမ်းအသားကျောက် ရောင်းချပွဲ ကျင်းပနိုင်ရေးစည်းဝေး အချောထည်များ ထုတ်လုပ်ရောင်းချနိုင်ရန် ပြုလုပ်ပေးခြင်းဖြစ်

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၁၁ ခုနှစ် ဩဂုတ်လ အဆင့်နိမ့်ကျောက်စိမ်း အသားကျောက် ရောင်းချပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၀

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၁၁ ခုနှစ် ဩဂုတ်လ အဆင့်နိမ့်ကျောက်စိမ်းအသားကျောက် ရောင်းချပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာ၌ အဆင့်နိမ့် ကျောက်စိမ်းအသားကျောက် ရောင်းချပွဲကို နေပြည်တော်၌ ဩဂုတ် ၁၂ ရက်မှ ၁၆ ရက်အထိ ပထမဦးဆုံးအကြိမ် ကျင်းပမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များအား အရည်အသွေးနိမ့်သည့် အဆင့်နိမ့် အသားကျောက်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူပြီး တန်ဖိုးမြင့် ပုတီး၊ လက်ကောက်၊ ဆွဲပြား၊ ရုပ်တုရုပ်ထွင်း အစရှိသဖြင့် အချောထည်များကို ထုတ်လုပ်ရောင်းချနိုင်ရန် ရည်ရွယ်၍ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲပြပွဲများကို **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ချင်းတွင်း၊ ပဲခူး၊ စစ်တောင်း မြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၁၀

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ အချိန် တိုင်းထွာချက်အရ မုံရွာမြို့တွင် ၁၀၀၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၉ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၃၀ စင်တီမီတာ (တစ်ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ပဲခူးမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ပဲခူးမြို့တွင် ၉၅၂ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ် အထက် ၄၂ စင်တီမီတာ (၁ ဒသမ ၄ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၁၀ စင်တီမီတာ (သုည ဒသမ ၃ ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၁၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယနေ့ တိုင်းတာရရှိသော ၉၅၂ စင်တီမီတာသည် (၁၉၆၅-၂၀၁၁) နှစ်ပေါင်း ၄၇ နှစ်အတွင်း အမြင့်ဆုံးမြစ်ရေမှတ်ဖြစ်သည်။ ပဲခူးမြစ်ရေ (ပဲခူးမြို့)၏ ယခင်အမြင့်ဆုံး မြစ်ရေမှတ်မှာ ၂၆-၈-၁၉၇၀ နှင့် ၂၀-၇-၁၉၉၄ ရက်များတွင် တိုင်းတာရရှိသော ၉၅၀ စင်တီမီတာ ဖြစ်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၄၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၁ စင်တီမီတာ (၁ ဒသမ ၃ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)